မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်၊ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီ ၂၀ ရက်၊ သောကြာနေ့၊ အတွဲ (၅၁)၊ အမှတ် (၁၁၂)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ နိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

မြန်မာ-အိန္ဒိယနယ်စပ် နယ်ဘက်အာဏာပိုင်များ၏ (၁၇)ကြိမ်မြောက် နိုင်ငံတော်အဆင့် အစည်းအဝေးသို့ တက်ရောက်လာသည့် အိန္ဒိယသမ္မတနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အဖွဲ့အား

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး လက်ခံတွေ့ဆုံ

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး အိန္ဒိယသမ္မတနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. R.K. Singh နှင့် အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၁၉

မြန်မာ-အိန္ဒိယနယ်စပ် နယ်ဘက်အာဏာပိုင်များ၏ (၁၇)ကြိမ်မြောက် နိုင်ငံတော်အဆင့်အစည်းအဝေးသို့ တက်ရောက်လာသည့် အိန္ဒိယသမ္မတနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. R.K. Singh နှင့် အဖွဲ့အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးက ယနေ့ညနေ ၅ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး အိန္ဒိယသမ္မတနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး Dr.V. S. Seshadri တက်ရောက်သည်။

တွေ့ဆုံရာ၌ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း

ယနေ့ ဖတ်စရာသတင်းအညွှန်း



ကမ္ဘာ့အမြင့်ဆုံး ဝန့်ချီစက် တရုတ်၌ တည်ဆောက် စာ-၄

မိုက်ကယ်ဂျက်ဆင်လို ကျော်ကြားလိုတဲ့ ဂျက်စတင်းဘီဘာ စာ-၅

စည်းကမ်းမဲ့ လမ်းကူးသူများကိုလည်း အရေးယူပါ၊ စည်းကမ်းတကျ လမ်းကူးသူများကိုလည်း ကူညီပါ စာ-၁၀

'ထ'အက္ခရာကားများ စတင်အပ်နှံပြီ

ရန်ကုန် ဇန်နဝါရီ ၁၉

ရန်ကုန်တိုင်းဒေသကြီး ကညနရုံးသို့ ယာဉ်အိုယာဉ်ဟောင်းများ အပ်နှံခြင်းများမှ 'ထ'အက္ခရာအပ်နှံခြင်းကို ဇန်နဝါရီ ၁၉ ရက်တွင် စတင်လက်ခံဆောင်ရွက်ပေးလျက် ရှိကြောင်း သိရှိရသည်။

များပြား

"ဒီနေ့ကနေ စတင်ပြီး ယာဉ်ဟောင်း 'ထ'အက္ခရာတွေ အပ်နှံလို့ရပါတယ်။ ဒီနေ့က အစနေ့ဆိုတော့ ကားအပ်နှံတဲ့လူ နည်းမယ်လို့ ထင်ခဲ့ပေမယ့် အတော်ကိုများနေတယ်"ဟု ကညနမှ တာဝန်ရှိသူက ပြောကြားသည်။

"ဒီနေ့ 'ထ'တွေ စပြီးလက်ခံတယ်။ ကျွန်တော်တို့အနေနဲ့ နှမြောပေမယ့်လည်း လေးဘီးတွေနဲ့ စာရင်း အရမ်းကိုကံကောင်းပါတယ်။ ကားသုံးမယ်ဆိုရင် သုံးလို့ရနေသေးပေမယ့်လည်း အသစ်ပြန်သွင်းနိုင်တဲ့အတွက် ဈေးကလည်းရပါတယ်။ ကျွန်တော်ဆိုရင် 'ထ'ကို ရောင်းပြီး အခု '၄က' ပြန်ဝယ်နိုင်တယ်။ အလိုက် မပေးရဘဲရတဲ့အတွက် ကံကောင်းတယ်လို့ ပြောရမယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကားသစ်ပြောင်းကိုင်ရတဲ့အတွက် အကျိုးရှိပါတယ်"ဟု 'ထ' တက္ကစီ ပိုင်ရှင်ဟောင်းတစ်ဦးက ပြောကြားသည်။

ယနေ့ညနေအထိ ကားအပ်နှံနိုင်သည့် စာရင်းအတိအကျကို မထုတ်ပြန်သေးသော်လည်း ယခင်ကားများကဲ့သို့ပင် 'ထ'အက္ခရာသည်လည်း အစီးရေ ၄၀၀၀ ကျော် ရှိမည်ဖြစ်ကြောင်း ကားဈေးကွက်မှ သိရှိရသည်။

'ထ'အက္ခရာ အများစုမှာ ဆန်နီ၊ ပစ်ကပ်လေးတွေများတယ်။ ဆလွန်း အငှားကားတွေလည်း ရှိတယ်ပေါ့လေ။ ဘယ်လိုပဲဖြစ်ဖြစ် အမြန်ဆုံး ကားသစ်ပြန်သွင်းနိုင်ဖို့ လုပ်နိုင်ပါပြီ"ဟု ကားဈေးကွက်မှ ပွဲစားတစ်ဦးက ပြောကြားသည်။

အပ်နှံခွင့်ပြု

ကညနအနေနှင့် ယာဉ်အိုယာဉ်ဟောင်း ပြန်လည်အပ်နှံခြင်း လုပ်ငန်းများ လုပ်ကိုင်ပေးလျက်ရှိရာ ယနေ့အချိန်အထိ ကားအစီးရေ ၂၉၈၉၈ စီးကို ပါမစ် ပြန်လည်ထုတ်ပေးပြီးဖြစ်ကာ ၇၂၀၃ စီးကိုလည်း လိုင်စင် ပြန်လည်ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။ ဆက်လက်ပြီး ကညနအနေနှင့် 'ထ'အက္ခရာများ အပ်နှံခြင်းပြီးစီးပါက 'ဒ'အက္ခရာများ ဆက်လက်အပ်နှံခွင့်ပြုသွားရန်ရှိကြောင်း သိရှိရသည်။ *(၁၅၀)*

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၂ ခုနှစ် ဇန်နဝါရီ ၂၀ ရက်)

ခရီးသွားရင်း ရွှေအိုးကို ရှာဖွေခြင်း

လောက၌ အချိန်ကိုတန်ဖိုးထားတတ်သူများအတွက် အချိန်သည် ရွှေဖြစ်၏။ တစ်စုံတစ်ခုသော အကြောင်းကြောင့် ဆုံးရှုံးသွားသော ပစ္စည်းတစ်ခုသည် တန်ဖိုးမည်မျှပင်ကြီးစေကာမူ ပြန်၍ရတန်ကောင်း၏။ ဆုံးရှုံးသွားသော အချိန်ကိုကား ပြန်လည်အစားထိုး၍ရမည်မဟုတ်ပေ။

လူတိုင်းလူတိုင်းသည် ၂၄ နာရီတစ်ရက်ဟူသော နာရီစက်ဝန်းအတွင်း သွားလာလှုပ်ရှားနေကြရ၏။ လူတစ်ဦးတစ်ယောက်သည် တစ်နေ့အလုပ်ချိန် ရှစ်နာရီရှိပြီး ရှစ်နာရီကြာ အိပ်စက်အနားယူလျှင် ကျန်ရှစ်နာရီမှာ လက်ဖက်ရည်ဆိုင်ထိုင်ခြင်း၊ အာလာပသလ္လာပပြောဆိုခြင်း၊ လမ်းခရီးသွားခြင်းစသည့် ဗာဟီရနှင့် အချိန်ကုန်သည်ကများ၏။

တစ်ခါက စာရေးသူသည် ရန်ကုန်မှ နေပြည်တော်သို့ ခရီးသွား၏။ ကားဂိတ်သို့အရောက်သွားရမည့် အချိန်မှာ ည ၉ နာရီဖြစ်၏။ ထို့ကြောင့် အိမ်မှ ည ၈ နာရီခွဲတွင် အငှားယာဉ်ဖြင့် ထွက်ခဲ့၏။ ကားဂိတ်သို့ အချိန်မီရောက်သော်လည်း အချိန်စောနေ၍ လက်ဖက်ရည်ဆိုင်တွင်ထိုင်ပြီး အချိန်ဖြုန်းရသေးသည်။ အခြားသော ခရီးသည်များမှာလည်း မိမိကဲ့သို့ လက်ဖက်ရည်သောက်လိုက်၊ လမ်းမပေါ်သွားလာနေကြသော ကားများနှင့်လူများကို ငေးကြည့်လိုက်၊ အိမ်သို့ ဖုန်းပြန်ဆက်လိုက်ကြဖြင့် အချိန်ဖြုန်းနေကြ၏။ အမှန်စင်စစ် ထိုခရီးသည်တင်ကားသည် ည ၁၀ နာရီခွဲမှ ကားထွက်ဖြစ်၏။ အိမ်မှထွက်သည့်အချိန်နှင့်တွက်လျှင် အချိန်နှစ်နာရီကြာ ပြုန်းတီးသွားခဲ့သည်။ လွန်စွာနှမြောမိ၏။

အကယ်၍သာ ထိုနှစ်နာရီကြာမည့်အချိန်အတွင်း ကားဂိတ်၌ ကားစောင့်ရင်း စာတစ်ပုဒ်ဖြစ်စေ၊ နှစ်ပုဒ်ဖြစ်စေ ဖတ်မှတ်ခဲ့လျှင် ဘယ်လောက်အကျိုးများမလဲဟု တွေးကြည့်မိ၏။ စာဖတ်ခြင်းကြောင့် အကြားအမြင် ဗဟုသုတများနိုင်၏။ ဗဟုသုတများခြင်းကြောင့် ရွှေအိုးနှင့်တူသော အသိပညာမှတစ်ဆင့် အကျိုးစီးပွားအမျိုးမျိုးရနိုင်၏။ ထို့ကြောင့် ခရီးသွားရင်း စာဖတ်ခြင်းသည် ရွှေအိုးရှာခြင်းနှင့်လည်းတူ၏။

ယနေ့တိုးတက်သည်ဆိုသည့် နိုင်ငံကြီးတို့၌မူ ခရီးသွားအများစုသည် ခရီးသွားရင်းစာဖတ်ကြသည်ကို တွေ့ဖူးကြပေလိမ့်မည်။ ခရီးသွားအချို့က လေဆိပ်၌ လေယာဉ်စောင့်ရင်းသော်လည်းကောင်း၊ သင်္ဘောဆိပ်၌ သင်္ဘောစောင့်ရင်းသော်လည်းကောင်း၊ ကားဂိတ်၌ ကားစောင့်ရင်းသော်လည်းကောင်း စာဖတ်နေကြသည်။ အချိန်ကို အလဟဿ မပြုန်းတီးစေဘဲ ရွှေအိုးရှာနေကြခြင်းပင် ဖြစ်သည်။

လူအများစုသည် ကျောင်းမှထွက်ခဲ့ပြီးနောက် လုပ်ငန်းခွင်ဝင်ချိန်တွင် စာကြည့်စားပွဲဖြင့်ထိုင်ပြီး စာကို ကျကျနနထိုင်ဖတ်နိုင်ကြသူရှား၏။ လုပ်ငန်းခွင်နှင့် လူတို့၏ တစ်နေ့တာအလုပ်များဖြင့်သာ အချိန်ကုန်စေလျက်ရှိကြသည်။ သီးသန့်စာဖတ်ချိန်ဟူ၍ထားရှိပြီး စာဖတ်ကြသူများလည်း အလွန်ရှားလိမ့်မည်ဟုထင်၏။

ခရီးသွားရင်းစာဖတ်ခြင်းသည် အချိန်ကိုအလဟဿ မဖြစ်စေနိုင်သလို အကျိုးလည်း ရှိစေနိုင်၏။ စာကိုဖတ်ရုံနှင့်မပြီး လက်တွေ့နယ်ပယ်တွင် အသုံးချနိုင်ရန်လည်း ကြိုးစားသင့်၏။ စာဖတ်ချိန်ဟူ၍ သီးသန့်အချိန်မပေးနိုင်သူများအတွက် ခရီးသွားရင်းစာဖတ်ခြင်းသည် ကြီးပွားတိုးတက်ခြင်းကို ဆောင်ကြဉ်းနိုင်သဖြင့် ရွှေအိုးရှာခြင်းပင် မဟုတ်ပေလော။ ထို့ကြောင့် ခရီးသွားရင်းစာဖတ်ကြပါစို့ဟူ၍····။ ။

ထူးခြားသည့် ညအပူချိန်များ

၁၉-၁-၂၀၁၂

လွိုင်လင်မြို့	၈ ဒီဂရီစင်တီဂရိတ်
ပင်လောင်းမြို့နှင့် ဟဲဟိုးမြို့	၁ ဒီဂရီစင်တီဂရိတ်စီ
နမ့်စန်မြို့	၂ ဒီဂရီစင်တီဂရိတ်
လားရှိုးမြို့	၃ ဒီဂရီစင်တီဂရိတ်

ကမ္ဘာ့ရေတိမ်ဒေသများနေ့ အခမ်းအနားကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၉

မြန်မာငှက်ဝါသနာရှင် အသင်းက ကြီးမှူး၍ ဖေဖော်ဝါရီ ၂ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ရေတိမ်ဒေသများနေ့ အခမ်းအနားနှင့် ဓာတ်ပုံပြပွဲကို ဇန်နဝါရီ ၂၇ ရက်မှ ၂၉ ရက်အထိ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်းရှိ တော်ဝင်နှင်းဆီသီရိခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြပွဲတွင် မြန်မာငှက်ဝါသနာရှင်အသင်းနှင့် ဓာတ်ပုံပညာရှင်များက ရေတိမ်ဒေသနှင့်စပ်လျဉ်းသည့် ဓာတ်ပုံ ၁၄၀ ကျော်ကို ခင်းကျင်းပြသပြီး မြန်မာ့ရေတိမ်ဒေသများစာအုပ်နှင့် စီဒီတို့ကို အခမဲ့ ဖြန့်ချိပေးမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများ ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည် -

	အမည်	ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန
(က)	ဦးဇော်ဟိန်း	ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း စက်မှုဝန်ကြီးဌာန
(ခ)	ဦးအေးကို	ညွှန်ကြားရေးမှူးချုပ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

၂။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည် -

	အမည်၊ရာထူး၊ဌာန	ခန့်ထားသည့် ရာထူး၊ ဌာန
(က)	ဒေါက်တာကျော်ဇင်သန့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်) ကျန်းမာရေးဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်) ကျန်းမာရေးဝန်ကြီးဌာန
(ခ)	ပါမောက္ခဒေါက်တာဝင်းမြတ်အေး ပါမောက္ခ ကလေးကျန်းမာပညာဌာန ဆေးတက္ကသိုလ်(၁)ရန်ကုန် ဆေးသိပ္ပံပညာဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန	ပါမောက္ခချုပ် ဆေးတက္ကသိုလ်(မကွေး) ဆေးသိပ္ပံပညာဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန

နိုင်ငံတော်တည်ဆောက်ရာတွင် အသိပညာရှင်၊ အတတ်ပညာရှင်များ နိုင်ငံချစ်စိတ်၊ လူမျိုးချစ်စိတ်နှင့် တစ်တပ်တစ်အားပါဝင်မှု အရေးပါ

ရန်ကုန် ဇန်နဝါရီ ၁၉

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေသည် ဇန်နဝါရီ ၁၈ ရက် နံနက် ၈ နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ်

သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်း အဆောက်အအုံ၌ မြန်မာနိုင်ငံဆရာဝန် အသင်း (ဗဟို)က ကြီးမှူးကျင်းပသည့် (၅၈) ကြိမ်မြောက် ဆရာဝန်ညီလာခံ ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေး ချီးမြှင့်သည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဆေးရုံအုပ်ကြီးများ၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို) ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာကျော်မြင့်နိုင်နှင့် အလုပ်အမှုဆောင်များ၊ ဆရာဝန်အသင်း နာယကများ၊ မြန်မာနိုင်ငံဆေးကောင်စီ၊ မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့တို့မှ ဆရာဝန်ကြီးများ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ထိုင်း၊ ဩစတြေးလျ၊ ဟောင်ကောင်တို့မှ ဆေးပညာရှင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဆရာဝန် အသင်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် (ဝဲပုံ) ဆေးပညာဗဟုသုတများ တိုးတက်ပွားများစေရန်၊ ဆေးကုသစောင့်ရှောက်မှု အရည်အသွေး မြင့်မားလာစေရန်၊ ဆရာဝန်ထုအတွင်း ချစ်ကြည်စည်းလုံးညီညွတ်မှုရှိစေရန်၊ ဆေးသုတေသနလုပ်ငန်းရပ်များကို တိုးမြှင့်အားပေးရန်နှင့် ဆရာဝန်အသင်းကြီးအနေဖြင့် ပြည်သူ့အကျိုးပြု ဆေးပညာအသင်းကြီးအဖြစ် ထာဝစဉ်ရပ်တည်နိုင်စေရန် ဟူသည့် မွန်မြတ်သော ရည်ရွယ်ချက်များဖြင့် နှစ်စဉ်ကျင်းပလာခဲ့သည်မှာ (၅၈)ကြိမ်တိုင် အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိကြောင်း၊ နောင်တွင်လည်း ပြည်သူ့အကျိုး၊ တိုင်းပြည်အကျိုး ဆတက်ထမ်းပိုး သယ်ပိုးပေးနိုင်သည့် တိုင်းကျိုးပြည်ပြု ဆေးပညာရှင်အဖွဲ့ကြီးဖြစ်စေရန် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း၊ နိုင်ငံတော်တည်ဆောက်ရာတွင် အသိပညာရှင်၊ အတတ်ပညာရှင်များ၏ နိုင်ငံချစ်စိတ်၊ လူမျိုးချစ်စိတ်နှင့် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်မှုသည် အရေးပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်က အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို)ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာကျော်မြင့်နိုင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ဖွင့်လှစ်ပေး

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမြင့်သိန်းနှင့် မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာကျော်မြင့်နိုင်တို့က ညီလာခံ အထိမ်းအမှတ် ဆေးနှင့် ဆေးပစ္စည်း၊ ပြခန်းများမုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ဆေးနှင့် ဆေးပစ္စည်းပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါ ဆရာဝန်ညီလာခံကို ဇန်နဝါရီ ၂၄ ရက်အထိ ခုနစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်ပြီး ပညာရပ်နှီးနှောဖလှယ်ပွဲ ၂၇ ခု၊ ဘာသာရပ်ဟောပြောပွဲ ၁၄ ခု၊ သုတေသနစာတမ်း ၄၁ စောင်တို့ကို ပြည်တွင်းပြည်ပ ဆေးပညာရှင်များက တင်ပြဆွေးနွေးကြမည် ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဇန်နဝါရီ ၅ ရက်က ပေါင်းတည်မြို့ ဘိုးဘွားရိပ်သာ သုမာလာနှစ်ထပ် စားဆောင်သစ်ဆောက်လုပ်ရေးအတွက် ရွှေတောင်မြို့ ဒေါ်အိငွေ(ကွယ်လွန်)အား ရည်စူး၍ ရွှေတောင်ဈေးသူ ဈေးသား ၂၄ ဦးတို့က အလှူတော်ငွေကျပ် ၂၁၀၀၀၀ ပေးအပ်လှူဒါန်းရာ ဘိုးဘွားရိပ်သာဥက္ကဋ္ဌ ဦးမောင်မောင်သန်း လက်ခံယူစဉ်။ (မြို့နယ် ပြန်/ဆက်)

ညအိပ်ရာဝင်ချိန် မီးသတိပေး နှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်။

(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်း လုံးဝ မပြုလုပ်ပါနှင့်။

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက် ကောင်းမွန်စေရေး စီမံထားရှိရန်။

မြန်မာ့အလင်း လူမှုဒဿန

လက်တွေ့ပြပါ

'ငါဘာလုပ်နိုင်တယ်'လို့ မကြွားပါနဲ့၊ ငါဘာလုပ်နိုင်ကြောင်း လက်တွေ့ပြပါ။

''Don't boast what you can do.
Please show the skill practically.''

(ကိုးဘွဲ့ရဆရာတော်)

ရှေးဟောင်းအမွေအနှစ်များအားလုံး ၂၀၁၂-၂၀၁၅ နှစ်ကာလအတွင်း ပြင်ဆင်မှုများပြီးစီးအောင် စီမံချက်ရေးဆွဲ ပြုပြင်ခြင်း၊ အသစ်ဖော်ထုတ်ခြင်း၊ ထိန်းသိမ်းပြသခြင်းလုပ်ငန်းနှင့် မှတ်တမ်းတင်ခြင်းလုပ်ငန်းများ ဆောင်ရွက်

မိမိနိုင်ငံနှင့်လူမျိုး၏ ယဉ်ကျေးမှုအမွေအနှစ်နှင့် ဂုဏ်သိက္ခာအဆင့်အတန်းကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်

နေပြည်တော် ဇန်နဝါရီ ၁၉

ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ဌာနအသီးသီးအတွက် သတ်မှတ်ပေးထားသည့် လုပ်ငန်းတာဝန်များကို အောင်မြင်အောင် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားရန်၊ ရှေးဟောင်းသုတေသန၊ ပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနအနေဖြင့် နိုင်ငံတစ်ဝန်းလုံးရှိ ပြုပြင်ရန်လိုအပ်သည့်ရှေးဟောင်းအမွေအနှစ်များအားလုံးကို ၂၀၁၂-၂၀၁၅ နှစ်ကာလအတွင်း အခြေခံပြင်ဆင်မှုများပြီးစီးအောင် ပြုပြင်နိုင်ရေး စီမံချက်ရေးဆွဲဆောင်ရွက်ရန်၊ ထိုသို့ဆောင်ရွက်ရာတွင် ပြုပြင်ခြင်းလုပ်ငန်း၊ အသစ်ဖော်ထုတ်ခြင်းလုပ်ငန်း၊ ထိန်းသိမ်းပြသခြင်းလုပ်ငန်းနှင့် မှတ်တမ်းတင်ခြင်း လုပ်ငန်းစသည့် လုပ်ငန်းစဉ်(၄)ရပ်ဖြင့် ဆောင်ရွက်ရန်၊ ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင်လည်း ရှေးဟောင်းအမွေအနှစ်ထိန်းသိမ်းခြင်းနည်းဖြင့်သာ ဦးစားပေးဆောင်ရွက်ရန်၊ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ထမ်းများသည် မိမိနိုင်ငံနှင့် လူမျိုး၏ ယဉ်ကျေးမှုအမွေအနှစ်နှင့် ဂုဏ်သိက္ခာအဆင့်အတန်းကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ဆောင်ရွက်သည့် လုပ်ငန်းစဉ်တွင် အလွန်အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်နေသည့်အတွက် မိမိတို့၏လုပ်ငန်းတာဝန်ကို လေးစားဂုဏ်ယူစွာ စေတနာထားလုပ်ဆောင်သွားကြရန် လိုအပ်ကြောင်းဖြင့် ယနေ့ နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ရှင်းလင်းမှာကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က (၁-၄-၂၀၁၁)ရက်မှ(၃၁-၁၂-၂၀၁၁)ရက်အထိ (၉)လတာကာလအတွင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်၊ ပုဂံဌာနခွဲ တာဝန်ခံညွှန်ကြားရေးမှူး ဦးသိန်းလွင်၊ မန္တလေးဌာနခွဲ တာဝန်ခံညွှန်ကြားရေးမှူး ဦးမြင့်ဇော်၊ စစ်တွေဌာနခွဲ တာဝန်ခံညွှန်ကြားရေးမှူး ဦးဇော်ဇော်ထွန်းနှင့် ပဲခူး၊ တောင်ကြီး၊ မြစ်ကြီးနား၊ လှိုင်ကော်၊ ဘားအံဌာနခွဲများမှ တာဝန်ရှိသူများက မိမိတို့ဒေသအလိုက် လုပ်ငန်းဆောင်ရွက်နေမှု၊ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့်စပ်လျဉ်း၍အသီးသီး ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်း(ပြည်) ကျောင်းအုပ်ကြီး ဦးဝင်းကြိုင်နှင့် ယဉ်ကျေးမှုတက္ကသိုလ်များမှ ပါမောက္ခချုပ်များက ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

(၁၅)ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၉

(၁၅)ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၊ ၂၀၁၂ ခုနှစ် အာဆီယံခရီးသွားလုပ်ငန်းပြပွဲ ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၈ ရက်မှ ၁၂ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ မနာဒိုမြို့တွင် ကျင်းပခဲ့ရာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း ကိုယ်စား ဒုတိယဝန်ကြီး ဦးဌေးအောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့သည်။

(၁၅)ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးကို ဇန်နဝါရီ ၁၁ ရက်တွင် မနာဒိုမြို့ Novotel Golf Resort and Convention Centre ၌ကျင်းပရာ အာဆီယံနိုင်ငံများ၏ ခရီးသွားလုပ်ငန်းဝန်ကြီးဌာနများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ညွှန်ကြားရေးမှူး Mr.Somsak Pipoppinyo နှင့် အာဆီယံခရီးသွားလုပ်ငန်းအဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကျင်းပပြီးစီးခဲ့သော အာဆီယံခရီးသွားလုပ်ငန်း အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးမှ တင်ပြသည့် အာဆီယံခရီးသွားလုပ်ငန်း မဟာဗျူဟာစီမံကိန်း (၂၀၁၁-၂၀၁၅) အပေါ် ၂၀၁၁ ခုနှစ်အတွင်း အကောင်အထည်ဖော်မှု၊ အာဆီယံဒေသခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု၊ အာဆီယံခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေး မဟာဗျူဟာအပေါ် အကောင်အထည်ဖော်မှု၊ အာဆီယံခရီးသွားလုပ်ငန်းအဆင့်အတန်းမြှင့်တင်မှု၊ အာဆီယံခရီးသွားလုပ်ငန်း ကျွမ်းကျင်ပညာရှင်များအတွက် အပြန်အလှန် အသိအမှတ်ပြုရေး အစီအစဉ် အကောင်အထည်ဖော်မှုနှင့် ၂၀၁၂ ခုနှစ်တွင် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ညှိနှိုင်းသုံးသပ်ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် အာဆီယံခရီးသွားလုပ်ငန်းဝန်ကြီးများနှင့် အာဆီယံ-တရုတ်၊ အာဆီယံ-ဂျပန်နှင့် အာဆီယံ-ကိုရီးယား ဗဟိုဌာနများနှင့် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့တို့မှအကြီးအကဲများက အာဆီယံနှင့် အဆိုပါအဖွဲ့အစည်းများအကြား ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြသည်။ ဆက်လက်၍ ASEAN Green Hotel Award အစီအစဉ်အရ အာဆီယံနိုင်ငံများရှိ ဆုရဟိုတယ်များကို နိုင်ငံအလိုက် ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

သုံးသပ်ဆွေးနွေး

ဇန်နဝါရီ ၁၂ ရက် နံနက်ပိုင်းတွင် (၁၁)ကြိမ်မြောက် အာဆီယံ၊ တရုတ်၊ ဂျပန်၊ ကိုရီးယားခရီးသွား လုပ်ငန်းဝန်ကြီးများ အစည်းအဝေးကို ဆက်လက်ကျင်းပရာ အာဆီယံနိုင်ငံများနှင့် တရုတ်၊ဂျပန်၊ ကိုရီးယားသမ္မတနိုင်ငံများမှ ခရီးသွားလုပ်ငန်းဝန်ကြီးဌာနများ၏ ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ အကြီးအကဲတို့ တက်ရောက်ကြပြီး အစည်းအဝေးတွင် အာဆီယံနိုင်ငံများနှင့် တရုတ်၊ ဂျပန်နှင့် ကိုရီးယားသမ္မတနိုင်ငံတို့အကြား ခရီးသွားလုပ်ငန်းပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့် ရှေ့လုပ်ငန်းအစီအစဉ်များကို ညှိနှိုင်းသုံးသပ်ဆွေးနွေးကြသည်။

ထို့နောက် တတိယအကြိမ်မြောက် အာဆီယံ-အိန္ဒိယ ခရီးသွားလုပ်ငန်းဝန်ကြီးများအစည်းအဝေးကို မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပရာ အာဆီယံနိုင်ငံများနှင့် အိန္ဒိယနိုင်ငံတို့မှ ခရီးသွားလုပ်ငန်းဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ညွှန်ကြားရေးမှူးတို့ တက်ရောက်ကြပြီး အစည်းအဝေးတွင် အာဆီယံနှင့်အိန္ဒိယနိုင်ငံများ၏ ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုများနှင့် ရှေ့လုပ်ငန်းစဉ်များကို ညှိနှိုင်းသုံးသပ်ဆွေးနွေးကြသည်။ အစည်းအဝေးအပြီးတွင် အာဆီယံ-အိန္ဒိယ ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးကြကာ သတင်းစာရှင်းလင်းပွဲကို ကျင်းပသည်။

ညနေပိုင်းတွင် ၂၀၁၂ ခုနှစ် အာဆီယံခရီးသွားလုပ်ငန်း ပြပွဲဖွင့်ပွဲအခမ်းအနားကို Grand Kawanua Convention Centre ၌ကျင်းပရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဒုတိယသမ္မတ H.E . Prof: Dr. Boediono က အဖွင့်မိန့်ခွန်းပြောကြားပြီး ၂၀၁၂ ခုနှစ် အာဆီယံခရီးသွားလုပ်ငန်း ပြပွဲဖွင့်ပွဲအခမ်းအနားကို ဖွင့်လှစ်ပေးခဲ့သည်။

ဒုတိယဝန်ကြီးသည် ဇန်နဝါရီ ၁၃ ရက်တွင် မနာဒိုမြို့ရှိ Golden Kawanua Exhibition Hall ၌ ခင်းကျင်းပြသထားသော ၂၀၁၂ ခုနှစ် အာဆီယံခရီးသွားလုပ်ငန်းပြပွဲရှိ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းမြှင့်တင်ရေး ပြခန်းခင်းကျင်းပြသမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင် အာဆီယံ-အိန္ဒိယ ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် UNESCO အဖွဲ့တို့ တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၉

ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုန်းမြင့်အား UNESCO အဖွဲ့မှ Mr. Sardar Umar Alam သည် ဇန်နဝါရီ ၁၆ ရက်တွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်းရှိ မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန (ရုံးခွဲ)၌လာရောက်တွေ့ဆုံပြီး **(အောက်ပုံ)** ကျောင်းပြင်ပပညာရေး တစ်စိတ်တစ်ဒေသဖြစ်သည့် ရပ်ရွာပညာ ပဒေသာဌာန၊ ရပ်ရွာအခြေပြု ပညာပေးဌာနများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရေစင် လှူဒါန်း

ဇန်နဝါရီ ၁ ရက်က အလှူရှင် ဒေါ်ဥမ္မာလွင် (Bio Plus) သောက်ရေသန့်က အလုံမြို့နယ် အမက (၁၂) ကျောင်း သို့ ရေ စည် နှင့် ရေစင် လှူဒါန်းစဉ်။
(မြန်မာ့အလင်း)

20-1 (03).pmd 1 1/20/2012, 3:37 AM

အကြမ်းဖက်လုပ်ရပ်အဆုံးသတ်ရေး အီရန်သံအမတ်ကြီးတိုက်တွန်း

တီဟီရန် ဇန်နဝါရီ ၁၉

အီရန်သိပ္ပံပညာရှင်များအား လုပ်ကြံသတ်ဖြတ်မှုကို နိုင်ငံတကာအဖွဲ့အစည်းများက ပြစ်တင်ရှုတ်ချလိုက်ပြီး ထိုအကြမ်းဖက်လုပ်ရပ်များအဆုံးသတ်ရေးကို ထိရောက်သည့် အစီအမံများချမှတ်ရန် နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ(အိုင်အေအီးအေ)ဆိုင်ရာ အီရန်သံအမတ်ကြီး အလီအက်ရှဂါဆိုတာနီက တိုက်တွန်းပြောကြားလိုက်သည်။

အဖွဲ့ဝင် ၃၅ နိုင်ငံပါဝင်သည့် အိုင်အေအီးအေအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌထံသို့ ဇန်နဝါရီ ၁၇ ရက်က အကြောင်းကြားစာပို့ရာတွင် အီရန်သံအမတ်ကြီး အလီအက်ရှဂါဆိုတာနီက အထက်ပါအတိုင်း တိုက်တွန်းလိုက်ခြင်းဖြစ်သည်။

လူမဆန်သည့် ထိုသို့သော လုပ်ကြံသတ်ဖြတ်မှုများမှာ နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ(အိုင်အေအီးအေ)၏ အသင်းအဖွဲ့စည်းမျဉ်းနှင့်တကွ နိုင်ငံတကာကပြုလုပ်သည့်လုပ်ထုံးလုပ်နည်းများနှင့်လည်း ဆန့်ကျင်နေကြောင်း အီရန်သံအမတ်ကြီးက ပြောကြားသည့်အပြင် ထိုသို့သော အကြမ်းဖက်မှုက ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အကြီးအကျယ်ခြိမ်းခြောက်နေကြောင်း ထည့်သွင်းရေးသားဖော်ပြလိုက်သည်။ **(အင်တာနက်)**

ကမ္ဘာ့အမြင့်ဆုံးဝန်ချီစက် တရုတ်၌တည်ဆောက်



ပေကျင်း ဇန်နဝါရီ ၁၉

တရုတ်နိုင်ငံ ဆန်နီဆောက်လုပ်ရေးကုမ္ပဏီမှ တီထွင်ထုတ်လုပ်လိုက်သော ဝန်ချီစက်လက်တံ၏အမြင့်မှာ ၂၈၂ ပေနှင့် ၈ ဒသမ ၇ လက်မရှိရာ ကမ္ဘာပေါ်တွင် အမြင့်ဆုံးဝန်ချီစက်တစ်ခုဖြစ်ကြောင်း ဇန်နဝါရီ ၁၈ ရက်၌ သတင်းထုတ်ပြန်သည်။ **(ဝဲပုံ)**

အဆိုပါကမ္ဘာ့အမြင့်ဆုံးဝန်ချီစက်ကို ဟိုင်နန်ပြည်နယ် ဟိုင်နန်မြို့၌ အများပြည်သူတို့ကို ပြသခဲ့သည်။ ၄င်းဝန်ချီစက်ဖြင့် မိုးပျံအထပ်မြင့်အဆောက်အအုံများ တည်ဆောက်ရေးနှင့် အခြားကယ်ဆယ်ရေးလုပ်ငန်းများအပြင် အရေးပေါ်မီးငြိမ်းသတ်ရေးလုပ်ငန်းများတွင်လည်း အသုံးပြုနိုင်မည် ဖြစ်သည်။

ဆန်နီကုမ္ပဏီသည် ၂၀၀၇ ခုနှစ် အောက်တိုဘာလကလည်း အမြင့် ၂၁၆ ပေ ၆ လက်မရှိသော ဝန်ချီစက်တစ်ခုပြုလုပ်ခဲ့သေးသည်။ ထို့အပြင် ၂၀၀၉ ခုနှစ် ဩဂုတ်လကလည်း အမြင့် ၂၃၄ ပေ ၁ ဒသမ ၂ လက်မမြင့်သော ဝန်ချီစက်ကို ပြုလုပ်ခဲ့ရာ ယင်းအချိန်က ကမ္ဘာ့အမြင့်ဆုံးဝန်ချီစက်ဖြစ်ခဲ့သည်။

သို့သော် ၂၀၁၁ ခုနှစ် စက်တင်ဘာလက အမြင့် ၂၆၂ ပေ ၉ ဒသမ ၅၈ လက်မရှိသော ဝန်ချီစက်တည်ဆောက်ပြီး ထပ်မံစံချိန်ချိုးခဲ့သည့်အပြင် ယခုအခါ ကမ္ဘာ့အမြင့်ဆုံးဝန်ချီစက်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

နိုင်ငံခြားသားကမ္ဘာလှည့် ခရီးသည်ငါးဦး အီသီယိုးပီးယားနိုင်ငံ၌ အသတ်ခံရ

အဒစ်အာဘာဘာ ဇန်နဝါရီ ၁၉

အီသီယိုးပီးယားနိုင်ငံ အရှေ့မြောက်ပိုင်း အစွန်အဖျားဒေသတွင် အမည်မသိလက်နက်ကိုင်များက နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသည်ငါးဦးကို သတ်ဖြတ်လိုက်ကြောင်း အင်တာနက်သတင်းတွင် ဇန်နဝါရီ ၁၈ ရက်က ဖော်ပြသည်။ **(ယာပုံ)**

ကြေညာ

အီသီယိုးပီးယားနှင့်အီရီထရီယားနှစ်နိုင်ငံ နယ်စပ်အနီးတွင် နိုင်ငံခြားသားရှစ်ဦး ပါဝင်သည့်အုပ်စုကို လက်နက်ကိုင်များက ပစ်ခတ်ရာတွင် နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသည်ငါးဦး သေဆုံးသွားခြင်းဖြစ်ကြောင်း အီသီယိုးပီးယားကာကွယ်ရေးဝန်ကြီးဌာန၏ ဇန်နဝါရီ ၁၇ ရက်က ပြောကြားချက်ကို အီသီယိုးပီးယားရုပ်မြင်သံကြားဌာနက ကြေညာသည်။ သေဆုံးသူ ကမ္ဘာလှည့်ခရီးသည်များသည် မည်သည့်နိုင်ငံသားများဖြစ်သည်ဆိုသောသတင်းကိုမူ မရရှိသေးဟုသိရသည်။ အီသီယိုးပီးယားနိုင်ငံ၌ ဂျာမန်များပါဝင်သည့် ခရီးသွားအုပ်စုအတိုက်ခံရသည့် သတင်းများရရှိထားကြောင်း ဘာလင်မြို့မှ နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ **(အင်တာနက်)**

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် – စုစည်းသည်

နယူးဒေလီမြို့၌ ဆီးနှင်းများထူထပ်စွာကျဆင်း လေယာဉ်ခရီးစဉ်များ ဖျက်သိမ်းခဲ့ရ

နယူးဒေလီ ဇန်နဝါရီ ၁၉

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ဇန်နဝါရီ ၁၉ ရက် နံနက်က ဆီးနှင်းများ ထူထပ်စွာ ကျဆင်းခဲ့ရာ လေယာဉ်ခရီးစဉ် ၂၀၀ကျော် နှောင့်နှေးကြန့်ကြာမှုဖြစ်ခဲ့ပြီး အချို့လေယာဉ်ခရီးစဉ်များဖျက်သိမ်းခဲ့ရကာ ရထားပြေးဆွဲမှုများလည်း ရပ်ဆိုင်းထားရကြောင်း အိန္ဒိယအရာရှိများက သတင်းထုတ်ပြန်သည်။ **(ယာပုံ)**

နယူးဒေလီမြို့ရှိ အင်ဒီရာဂန္ဒီ နိုင်ငံတကာလေဆိပ်တွင် မီတာ ၅၀ အကွာအဝေးအထိသာ ကောင်းမွန်စွာမြင်တွေ့ရပြီး ဆီးနှင်းများထူထပ်စွာကျဆင်းနေကြောင်း၊ အချို့လေယာဉ်များမှာ ပျံသန်းရန်အသင့်အနေအထားဖြင့်အချိန်ကြာမြင့်စွာ စောင့်ဆိုင်းနေရကြောင်း သတင်း၌ဖော်ပြသည်။ အချို့ပျံသန်းရန်အသင့်ဖြစ်နေသော လေယာဉ်များမှ ခရီးသည်များကို ပြန်လည်ဆင်းသက်စေကာ ရာသီဥတုကောင်းမွန်သည်အထိ လေဆိပ်အတွင်း၌ စောင့်ဆိုင်းစေမှုများပြုလုပ်လျက်ရှိကြောင်း၊ နောက်ထပ်နာရီများစွာ ဆီးနှင်းများ ကျဆင်းနေမည့် အနေအထားရှိကြောင်း ၄င်းတို့ကပြောကြားသည်။ ထို့အတူ အိန္ဒိယနိုင်ငံမြောက်ပိုင်းဒေသများတွင်လည်း ဆီးနှင်းများထူထပ်စွာကျဆင်းနေပြီး အအေးလှိုင်းများကျရောက်လျက်ရှိကြောင်း ၄င်းသတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**

ဩစတြေးလျကမ်းလွန်၌ ကျောက်မီးသွေးတင်သင်္ဘော ကိုယ်ထည်အက်ကွဲ

ဘရစ်ဘိန်း ဇန်နဝါရီ ၁၉

ဩစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ်မြောက်ပိုင်းကမ်းလွန်တွင် ဇန်နဝါရီ ၁၈ ရက်က ကျောက်မီးသွေးများတင်ဆောင်လာသော ကုန်တင်သင်္ဘောတစ်စင်း သင်္ဘောကိုယ်ထည်အက်ကွဲမှုကြောင့် ကျောက်ချရပ်နားထားလိုက်ရပြီး အရေးပေါ် အကူအညီများ ပေးနေရကြောင်း ပြည်တွင်းမီဒီယာများက ဇန်နဝါရီ ၁၉ ရက်၌ ဖော်ပြသည်။ **(အောက်ပုံ)**

အဆိုပါသင်္ဘောသည် လိုင်ဘေးရီးယားနိုင်ငံတွင် မှတ်ပုံတင်ထားသော နယူးလိဒ်ဗီနီတီကိုအမည်ရှိ ကုန်တင်သင်္ဘောဖြစ်ပြီး ကွင်းစလန်းပြည်နယ်မြောက်ပိုင်း မက်ကားမြို့တောင်ဘက် ဟေပွိုင့်ဆိပ်ကမ်းအနီးရေပြင်၌ သင်္ဘောကိုယ်ထည်အက်ကွဲနေမှုကို တွေ့ရှိပြီးနောက် အရေးပေါ်အကူအညီပေးမှုများ လုပ်ဆောင်နေခြင်းဖြစ်သည်။

ယင်းသင်္ဘောသည် ကျောက်မီးသွေးတန်ချိန် ၆၇၀၀၀ ကို တင်ဆောင်ကာ တရုတ်နိုင်ငံသို့ ဦးတည်ခုတ်မောင်းနေစဉ် ယခုကဲ့သို့ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ လက်ရှိ အခြေအနေအရ သင်္ဘောမှာ ခရီးဆက်လက်ထွက်ခွာရန် မဖြစ်နိုင်တော့ကြောင်း ဩစတြေးလျရေကြောင်းလုံခြုံရေး အာဏာပိုင်အဖွဲ့မှ ဂျိုနသန်ဝီလ်ကပြောကြားသည်။ ၄င်းကုန်တင်သင်္ဘောမှ သင်္ဘောသားများမှာ ဘေးကင်းကြကြောင်း ၄င်းက ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

အီတလီနိုင်ငံ အလယ်ပိုင်း၌ ဓာတ်ငွေ့ပိုက်လိုင်း ပေါက်ကွဲ

ရောမ ဇန်နဝါရီ ၁၉

အီတလီနိုင်ငံအလယ်ပိုင်းတွင် ဇန်နဝါရီ ၁၉ ရက်က မီသိန်းဓာတ်ငွေ့ပိုက်လိုင်း ပေါက်ကွဲမီးလောင်မှုကြောင့် ၁၀ ဦး ဒဏ်ရာရရှိခဲ့ရာ သုံးဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း အီတလီမီဒီယာများက ဇန်နဝါရီ ၁၉ရက်၌ ဖော်ပြသည်။

ဖြစ်ပွားမှုမှာ ဘက်ဆာကာရာမြို့အနီးတွင် သွယ်တန်းထားသော မီသိန်းဓာတ်ငွေ့ပိုက်လိုင်းအစိတ်အပိုင်းပေါက်ကွဲမှုဖြစ်ပွားခြင်းဖြစ်သည်။ ထိခိုက်ခံရသည့် ပိုက်လိုင်းအလုပ်သမားသုံးဦးမှာ ခန္ဓာကိုယ်အစိတ်အပိုင်း၏ ၈၀ ရာခိုင်နှုန်းခန့် မီးလောင်ခံခဲ့ရခြင်းဖြစ်သည်။ အဆိုပါပိုက်လိုင်းအနီးမြေကြီးတူးဖော်ရေးလုပ်ငန်းများဆောင်ရွက်စဉ် မြေထိုးယန္တရားယာဉ်တစ်စီးက ၄င်းပိုက်လိုင်းကိုထိုးမိခဲ့ရာမှ မီးလောင်ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ မီးလောင်ပေါက်ကွဲမှုကြောင့် ၄င်းနေရာတွင် အကျယ် ၂၅ မီတာနှင့်အနက် ရှစ်မီတာရှိသော မြေကျင်းကြီးဖြစ်သွားခဲ့ကြောင်း သတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းပဒေသာအတိုအထွာ (၁၉-၁-၂၀၁၂)

>> တင်မောင်လွင် – ရေးသားသည် <<

တရုတ်အရှေ့ပိုင်း၌ ဒိုင်နိုဆောမျိုးစိတ်သစ်ရှာဖွေတွေ့ရှိ

တရုတ်နိုင်ငံအရှေ့ပိုင်း ကျဲကျန်းပြည်နယ်တွင် ဒိုင်နိုဆောမျိုးစိတ်သစ်တစ်မျိုး ရှာဖွေတွေ့ရှိကြောင်း၊ အဆိုပါသတ္တဝါများ၏ အရိုးစုအား အဝေးပြေးလမ်းမကြီး ဖောက်လုပ်စဉ်အတွင်း တူးဖော်တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း တရုတ်နှင့် ဂျပန်သိပ္ပံပညာရှင်များက ဇန်နဝါရီ ၁၈ ရက်တွင် ထုတ်ဖော်ပြောကြားသည်။

အဆိုပါ ဒိုင်နိုဆောသည် ကျောရိုးရှိသတ္တဝါမျိုးစိတ်အသစ်တစ်ခုဖြစ်ပြီး ၄င်းတို့၏ တင်ပါးမှာ ငှက်များကဲ့သို့ ဖွဲ့စည်းထားသောကြောင့် ငှက်တင်ပါးရှိ ဒိုင်နိုဆောဟု သိရှိထားကြသည်။ အဆိုပါ ဒိုင်နိုဆောများသည် လွန်ခဲ့သည့်နှစ် သန်း၁၀၀ ခန့်ကတည်းက ရှင်သန်ကျက်စားခဲ့သည့် သတ္တဝါများဖြစ်ကြသည်။

သိပ္ပံပညာရှင်များက ယင်းအရိုးစု အစိတ်အပိုင်းတစ်ခုကို သုံးနှစ်ကျော်ကြာလေ့လာသုတေသနပြုပြီးနောက် ထိုသို့ကောက်ချက်ချခဲ့ခြင်းဖြစ်ကြောင်း၊ အရိုးစုများကိုလည်း ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြောင်း ကျဲကျန်းပြည်နယ် သဘာဝသမိုင်းပြတိုက်ရှိ ဘူမိဗေဒသိပ္ပံပညာရှင် ကျင်ဝမ်ကျိက ပြောကြားခဲ့သည်။

ယင်းဒိုင်နိုဆော အရိုးစုများကို ကျဲကျန်းပြည်နယ်အရှေ့ပိုင်း တီယန်တေစီရင်စုအတွင်းမှ ၁၉၉၈ ခုနှစ်က အဝေးပြေးလမ်းမကြီးဖောက်လုပ်စဉ် တွေ့ရှိခဲ့ခြင်းဖြစ်ပြီး ထိုအချိန်ကတည်းက ထိန်းသိမ်းထားခဲ့ခြင်းဖြစ်သည်ဟု ကျင်ဝမ်ကျိက ဆက်လက်ပြောကြားခဲ့သည်။ အဆိုပါ မျိုးစိတ်သစ်ကို မကြာမီရက်များက တွေ့ရှိခဲ့ခြင်းကြောင့် တရုတ်နိုင်ငံတွင် Tiantai Yue Dinosaur ဟု အမည်ပေးထားသည်။

ဩစတြေးလျ၌ ဥမင်လိုဏ်ခေါင်းတစ်ခုအတွင်း ယာဉ်တိုက်မှုဖြစ်

ဩစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ်အတွင်းရှိ နစ်ဒတ်ရှ်ဥမင်လိုဏ်ခေါင်းတစ်ခုအတွင်း ဇန်နဝါရီ ၁၉ ရက်က ယာဉ်နှစ်စီးတိုက်မှုတစ်ခု ဖြစ်ပွားခဲ့ရာ လူခုနစ်ဦးဒဏ်ရာရရှိခဲ့ကြောင်းဒေသဆိုင်ရာရဲတပ်ဖွဲ့က ပြောကြားသည်။ အဆိုပါ ဖြစ်ပွားမှုမှာ ယင်းနေ့ဒေသစံတော်ချိန် နံနက် ၂ နာရီဝန်းကျင်က နစ်ဒတ်ရှ်ဥမင်လိုဏ်ခေါင်းအတွင်းရှိ ဆန့်ဂိတ်လမ်းပေါ်၌ ခရီးသွားယာဉ်နှစ်စင်း တိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ယာဉ်တိုက်မှုကြောင့် ယာဉ်နှစ်စီးအတွင်းပါရှိသည့် ခရီးသည်ခုနစ်ဦးဒဏ်ရာရရှိ၍ ဆေးရုံသို့ပို့ပေးခဲ့ရကြောင်း၊ နှစ်ဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း ကွင်းစလန်းရဲတပ်ဖွဲ့က ပြောကြားသည်။ ဖြစ်ပွားမှုနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးလျက်ရှိကြောင်း၊ ကနဦးစစ်ဆေးချက်အရ ယာဉ်တစ်စီးမှာ ခရီးသွားနေစဉ် လမ်းမှားယွင်းမှုကြောင့်ဟု ညွှန်ပြနေကြောင်း ရဲတပ်ဖွဲ့က ဆက်လက်ပြောကြားသည်။

အာဖဂန်တောင်ပိုင်း၌ နေတိုးတပ်ဖွဲ့ရဟတ်ယာဉ်တစ်စင်း ပျက်ကျ

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ဟဲလ်မန့်ပြည်နယ်အတွင်း အမေရိကန်ဦးဆောင်သည့် နေတိုးမဟာမိတ်အဖွဲ့၏ ရဟတ်ယာဉ်တစ်စင်းပျက်ကျသဖြင့် အနည်းဆုံး လူသုံးဦးသေဆုံးသွားကြောင်း ဇန်နဝါရီ ၁၈ ရက် အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။ ကဘူးလ်မြို့တော်တောင်ဘက် ၅၅၅ ကီလိုမီတာအကွာ ဟဲလ်မန့်ပြည်နယ်ရှိရာဒေသအနီး နာဒါလီခရိုင်တွင် ဇန်နဝါရီ ၁၆ ရက်က နေတိုးရဟတ်ယာဉ်တစ်စင်းပျက်ကျကြောင်း အာဖဂန်နစ္စတန်ရဲတပ်ဖွဲ့က ကြေညာသည်။ ရဟတ်ယာဉ်မှ စက်ချွတ်ယွင်းပြီးပျက်ကျခြင်းဖြစ်ကြောင်း ပြောကြားသည်။ ဒေသခံရဲတပ်ဖွဲ့ အစီရင်ခံချက်များအရ နေတိုးရဟတ်ယာဉ်မှာ မြေပြင်သို့ ပျက်မကျမီ မီးလောင်သည်ကို တွေ့မြင်ကြရသည်ဟု ဟဲလ်မန့်ပြည်နယ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဝါရှင်တန်တွင် နှင်းမုန်တိုင်းတိုက်ခတ် ရှစ်နာရီအတွင်း ယာဉ်တိုက်မှု(၉၅)ကြိမ်ဖြစ်

အမေရိကန်နိုင်ငံ ဝါရှင်တန်အနောက်ပိုင်းတွင် ဇန်နဝါရီ ၁၈ ရက်က နှင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ဆက်တဲလ်နှင့် အိုလန်ပီယာဒေသတို့တွင် အဆိုးရွားဆုံး လေပြင်းတိုက်မှုများဖြစ်ပေါ်ကာ ယာဉ်မတော်တဆမှုများဖြစ်ပွားခြင်း၊ ကျောင်းများပိတ်ထားခြင်းနှင့် စီးတက်လေဆိပ်တွင် လေကြောင်းပျံသန်းမှု ဖျက်သိမ်းခဲ့ရခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း ဇန်နဝါရီ ၁၉ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

တာကိုမာနှင့် အိုလန်ပီယာပြည်နယ်အတွင်းရှိ ပီယာစီနှင့် သတ်စတန်စီရင်စုဒေသတို့တွင် ရှစ်နာရီကြာအချိန်အတွင်း ယာဉ်မတော်တဆမှု (၉၅)ကြိမ်ဖြစ်ပေါ်ခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူ ထရူပါဂွိုင်ဂေးက ပြောကြားသည်။

အိုလန်ပီယာဒေသတွင် ယင်းနေ့ နံနက် ၇ နာရီခွဲက မြေပြင်ပေါ်တွင် နှင်းများ ခြေနှစ်ချောင်းမြုပ်အောင်အထိ ကျဆင်းခဲ့ပြီး ယခုနှင်းကျမှုသည် ယခင် ၂၄ နာရီအတွင်း ၁၄ လက်မအထိ ကျဆင်းခဲ့သည့်စံချိန်ကို ချိုးခဲ့ကြောင်း၊ အိုလန်ပီယာ တောင်ပိုင်းဒေသတွင် နှင်းထုမှာ လက်မ ၂၀ အထိ ကျဆင်းနိုင်ကြောင်း ဆက်တဲလ် အမျိုးသားမိုးလေဝသဌာနမှ မိုးလေဝသပညာရှင်ကိုမန်းက ပြောကြားသည်။ (အင်တာနက်)

မြင့်မောင်စိုး - စုစည်းသည်

အဆိုတော် ဟီလာရီစကော့တ် လက်ထပ်ပြီ

လော့စ်အိန်ဂျလိစ် ဇန်နဝါရီ ၁၉

လေဒီအန်တေဘယ်လမ် (Lady Antebellum)တေးဂီတအဖွဲ့ရဲ့ နာမည်ကြီးအဆိုတော် ဟီလာရီစကော့တ် (Hillary Scott) ဟာ အိမ်ထောင်သည်တစ်ဦးဖြစ်သွားပါပြီ။ သူမဟာ လွန်ခဲ့တဲ့စနေနေ့က ခရစ်တိုင်ရီဆိုသူနဲ့ နယူးယောက်မြို့မှာ လက်ထပ်ခဲ့ကြပါတယ်။ ဒီမင်္ဂလာပွဲကို ဟီလာရီရဲ့ နီးစပ်တဲ့သူငယ်ချင်းတွေနဲ့ မိသားစုဝင်တွေ တက်ရောက်ခဲ့ပါတယ်။

ဆုံစည်းခဲ့

အသက် ၂၅ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဟီလာရီစကော့တ်ဟာ လေဒီအန်တေဘယ်လမ်တေးဂီတအဖွဲ့ကြီးရဲ့ နာမည်ကြီးအဆိုတော်တစ်ဦးဖြစ်ပါတယ်။ သူမနဲ့ လက်ထပ်ခဲ့တဲ့ ခရစ်တိုင်ရီကတော့ တီးဝိုင်းခေါင်းဆောင်ဖြစ်ပါတယ်။ Run to Youသီချင်းနဲ့ အောင်မြင်ကျော်ကြားလာတဲ့ ဟီလာရီနဲ့ ခရစ်တိုင်ရီတို့ဟာ ၂၀၁၀ ခုနှစ်က စတင်ဆုံစည်းခဲ့ကြတယ်လို့ ဆိုပါတယ်။ **(အင်တာနက်)**

အဝကြောင့် အလှပျက်တယ်ဆိုတဲ့ ခရစ္စတီးနား

လော့စ်အိန်ဂျလိစ် ဇန်နဝါရီ ၁၉

ကမ္ဘာကျော်အဆိုတော် ခရစ္စတီးနားအဂွီလီရာ (Christina Aguillera) ဟာ ချောမောလှပတဲ့ အဆိုတော်တစ်ယောက်ဖြစ်ပါတယ်။ ဒါပေမယ့်လည်း သူမ အဝလွန်တာနဲ့ပတ်သက်ပြီး ပရိသတ်တွေရဲ့အားပေးမှု ကျဆင်းခဲ့ရပါတယ်။

ခရစ္စတီးနားဟာ အမေရိကန်အဆိုတော်တွေထဲမှာ ခန္ဓာကိုယ်ပြေပြစ်ပြီး အလွန်ချောမောလှပခဲ့ပေမယ့် အဝလွန်လာတဲ့အတွက် ပရိသတ်တွေရဲ့ ဝေဖန်မှုကို ခံခဲ့ရပါတယ်။ အဆိုတော်ခရစ္စတီးနားကတော့ သူမရဲ့ အလှအပက ဒီထက်ပိုမလှနိုင်သလို ဒီထက်လည်း အရုပ်မဆိုးနိုင်တော့ဘူးလို့ ပြန်ပြောခဲ့ပါတယ်။ ပြီးတော့ ခရစ္စတီးနားက သူ့ရဲ့အလှအပနဲ့ပတ်သက်ပြီး ယုံကြည်မှုအပြည့်အဝရှိတယ်လို့လည်း ပြောခဲ့ပါတယ်။ **(အင်တာနက်)**

အဝလွန်၍ ပရိသတ်အားပေးမှု ကျဆင်းခဲ့တဲ့ ကမ္ဘာကျော် အဆိုတော်ခရစ္စတီးနား အဂွီလီရာ။

မိုက်ကယ်ဂျက်ဆင်လို ကျော်ကြားလိုတဲ့ ဂျက်စတင်းဘီဘာ

လော့စ်အိန်ဂျလိစ် ဇန်နဝါရီ ၁၉

ကနေဒါ လူငယ်အဆိုတော်လေး ဂျက်စတင်းဘီဘာ **(ဝဲပုံ)** ဟာ လာမယ့်မတ်လမှာ အသက် ၁၈ နှစ် ပြည့်တော့မှာ ဖြစ်တဲ့အကြောင်း၊ သူ့အနေနဲ့ အသက် ၃၀ အရွယ်မှာမိုက်ကယ်ဂျက်ဆင်လို ကမ္ဘာကျော်တဲ့အဆိုတော်ကြီးဖြစ်လိုတဲ့အကြောင်း၊ ဒါပေမယ့် မိန်းမကိစ္စနဲ့ မူးယစ်ဆေးဝါးကိုတော့ ရှောင်ကြဉ်ရမှာဖြစ်တဲ့ အကြောင်း ပြောပါတယ်။

ပြောကြား

“ပရိသတ်တွေအနေနဲ့ ကျွန်တော့် အသက် ၃၀ရောက်ရင် ကျွန်တော့်ကိုအမှတ်ရနိုင်ကြမယ်လို့ မျှော်လင့်ပါတယ်။ ကျွန်တော့်ကို ပရိသတ်တွေအနေနဲ့ ဆယ်ကျော်သက် အကျော်အမော်တစ်ယောက်လို့မထင်စေချင်ပါဘူး။ ကျွန်တော် ကိုယ့်ကိုယ်ကို အောင်မြင်တဲ့ အဆိုတော်အဖြစ် ရောက်ပြီလို့ ခံယူမထားပါဘူး။ ကျွန်တော် ဆက်လက်ပြီး အောင်မြင်မှုတွေ ရဖို့ ကြိုးစားနေရဦးမှာပါ” လို့ ဗွီမဂ္ဂဇင်းကို ပြောကြားလိုက်ပါတယ်။

အဆိုတော် ဂျက်စတင်းဘီဘာဟာ အပျော်အပါးနဲ့ မိန်းမကိစ္စတွေကို ရှောင်ကြဉ်နိုင်သမျှ ရှောင်ကြဉ်မယ်လို့ ပြောနေပေမယ့် လက်ရှိအဆိုတော် ဆီလီနာဂိုမက်ဇ်နဲ့ လပေါင်းများစွာ ချစ်ကြိုက်နေသူဖြစ်ပါတယ်။

သူဟာ အသက် ၁၅ နှစ်အရွယ်ကစလို့ ပထမဆုံးတေးအယ်လ်ဘမ် ထွက်ရှိခဲ့သူဖြစ်ပါတယ်။ ယခုအခါမှာတော့ ကမ္ဘာတစ်ဝန်းက လူငယ်ပရိသတ်တွေ ကြားမှာ ရေပန်းအစားဆုံးအဆိုတော် တစ်ဦးဖြစ်ပါတယ်။ ဂီတလောကမှာ နှစ်ပေါင်းများစွာ ကျင်လည်နေဦးမှာ ဖြစ်တဲ့အကြောင်းလည်း သူက ပြောပါတယ်။ **(အင်တာနက်)**

ကမ္ဘာကျော်အဆိုတော် လေဒီဂါဂါ မက်ဒေါနားကို အားကျသီဆိုခဲ့

လော့စ်အိန်ဂျလိစ် ဇန်နဝါရီ ၁၉

အဆိုတော် မက်ဒေါနားသည် မိမိ အားကျသီဆိုခဲ့သော အဆိုတော်တစ်ဦးဖြစ်ကြောင်း အဆိုတော် လေဒီဂါဂါက ပြောကြားခဲ့ဖူးသည်။

လေဒီဂါဂါ၏ ဂီတသံသည် စိတ်ဝင်စားပြီး တစ်ခါတစ်ရံ ကြည်နူးဖွယ် ကောင်းကြောင်း အဆိုတော် မက်ဒေါနားက တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် ထုတ်ဖော်ပြောကြားသည်။

လေဒီဂါဂါသည် မိမိ၏ ဂီတအမွေ များစွာကို ဆက်ခံမည့်သူလည်းဖြစ်ကြောင်း၊ မိမိ၏ သီဆိုပုံသီဆိုဟန်များသည် လေဒီဂါဂါနှင့် တူနေကြောင်း အသက် ၅၃ နှစ် အရွယ်ရှိ အဆိုတော် မက်ဒေါနား**(အောက်ဝဲပုံ)**က အေဘီစီသတင်းဌာနနှင့် တွေ့ဆုံမေးမြန်းရာတွင် ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုတော် လေဒီဂါဂါသည် လွန်ခဲ့သည့်နှစ် ဖေဖော်ဝါရီလအတွင်းက Born This Way အမည်ရှိ တစ်ကိုယ်တော်တေးအယ်လ်ဘမ် ထွက်ရှိခဲ့သည်။ ယင်းသီချင်းခွေသည် အဆိုတော် မက်ဒေါနား ၁၉၈၉ ခုနှစ်က ထွက်ရှိခဲ့သည့် Express Yourself ဟု အမည်ရသည့် တေးအယ်လ်ဘမ် သီချင်းနှင့် သံစဉ်များတူညီနေသည်ဟု ဆိုသည်။ “ကျွန်မ ရေဒီယိုမှာ နားထောင်လိုက်တဲ့ အချိန်မှာတော့ လေဒီဂါဂါရဲ့ အသံဟာ ကျွန်မနဲ့လုံးဝနီးပါးတူနေပါလားဆိုတာ သိလိုက်ရပါတယ်” ဟု မက်ဒေါနားက ဆိုသည်။ အသက် ၂၅ နှစ်ရှိ အဆိုတော် လေဒီဂါဂါ၏ Born This Way အမည်ရှိ တေးအယ်လ်ဘမ်သည် တစ်ဟုန်ထိုးကျော်ကြားလာခဲ့ပြီး လက်ရှိ ကမ္ဘာ့နိုင်ငံပေါင်း ၁၉ နိုင်ငံတွင် အရောင်းရဆုံး တေးအယ်လ်ဘမ်လည်း ဖြစ်သည်။ **(အင်တာနက်)**

ဂျင်နီဖာလောရင့် အော်စကာဆုကြေညာပေးမည်

လော့စ်အိန်ဂျလိစ် ဇန်နဝါရီ ၁၉

*လာမယ့်အော်စကာရုပ်ရှင်ထူးချွန်ဆုပဏာမစာရင်းကို အဆိုတော်နဲ့ရုပ်ရှင်သရုပ်ဆောင် ဂျင်နီဖာလောရင့် **(ယာပုံ)**က ကြေညာပေးသွားမယ်လို့ဆိုပါတယ်။*

အသက် ၂၁ နှစ်သာရှိသေးတဲ့ အဆိုတော်ရုပ်ရှင်သရုပ်ဆောင် ဂျင်နီဖာလောရင့်ဟာ လာမယ့်ဇန်နဝါရီ ၂၄ ရက်မှာ အော်စကာဆု ပဏာမရွေးချယ်ခံရသူများ စာရင်းကို ထုတ်ပြန်ကြေညာပေးမယ်လို့ဆိုပါတယ်။

ကြေညာပေး

လောရင့်ဟာ ပြီးခဲ့တဲ့နှစ်က Winter's Bone ရုပ်ရှင်ကားနဲ့ အော်စကာရုပ်ရှင်ထူးချွန်ဆု ပဏာမရွေးချယ်ခံခဲ့ရပါတယ်။ သူမဟာ The Hunger Games ဇာတ်ကားမှာလည်း ပါဝင်သရုပ်ဆောင်ထားပါတယ်။ သူမရဲ့ဒီဇာတ်ကားကတော့ လာမယ့်မတ်လမှာ ရုံတင်ပြသမယ်လို့ ဆိုထားပါတယ်။ ရှာရက်နဲ့ လောရင့်တို့ဟာ အော်စကာဆု ၂၄ မျိုးအနက်မှ ၁၀ စုကို ကြေညာပေးမှာဖြစ်ပါတယ်။

*(၈၄)ကြိမ်မြောက် အော်စကာဆုပေးပွဲ အခမ်းအနားကြီးကို လာမယ့် ဖေဖော်ဝါရီ ၂၆ ရက်မှာ ကျင်းပမှာဖြစ်တဲ့အကြောင်း သိရပါတယ်။ **(အင်တာနက်)***

မောင်မောင်မြင့်ဆွေ ➤ ရေးသားသည်

အီတာလီယာဖလားဘောလုံးပြိုင်ပွဲ အေစီမီလန်တို့ အိမ်ကွင်း၌နိုင်ပွဲရ

ရောမ ဇန်နဝါရီ ၁၉

***အီတာလီယာဖလားဘောလုံးပြိုင်ပွဲကို ဇန်နဝါရီ ၁၉ရက် နံနက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ အေစီမီလန်အသင်းနှင့် နိုဗာရာအသင်းတို့ပွဲတွင် အေစီမီလန်တို့က နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။** (အောက်ပုံ)*

အေစီမီလန်အသင်းသည် အိမ်ကွင်း၌ ယှဉ်ပြိုင်ရသောယခုပွဲ၌ လူစုံထုတ်ကစားခဲ့သည်။ ပွဲစတင်သည်နှင့် အေစီမီလန်တို့ တိုက်စစ်ဖွင့်ကစားခဲ့ရာ နိုဗာရာအသင်း နောက်ခံလူများ ကြိုးစားဟန့်တားခဲ့ရသည်။ နိုဗာရာ တိုက်စစ်မှူး၏ ထိုးဖောက်ကစားမှုကိုလည်း အေစီမီလန်ခံစစ်မှူးများက အပိုင်ကန်ခွင့်မရအောင် ကြိုးစားဖျက်ထုတ်ခဲ့သည်။ သို့သော်ပွဲချိန် ၂၄ မိနစ်၌ အေစီမီလန်အတွက် အဖွင့်ဂိုးကို ရှာရာဝီက သွင်းယူပေးခဲ့သဖြင့် ဖွေဆော်ဦးဂိုးရရှိခဲ့သည်။ ဧည့်သည် နိုဗာရာတို့ ချေပဂိုးရရှိရေး ကြိုးစားသော်လည်း ပထမပိုင်းပွဲချိန် ပြည့်သည်အထိ ဂိုးမသွင်းနိုင်ခဲ့ချေ။

ချေပဂိုးသွင်းယူ

***ဒုတိယပိုင်းပွဲချိန်အတွင်း အိမ်ရှင်အေစီမီလန်တို့ ဦးဆောင်ဂိုးသွင်းယူနိုင်ရေး ကြိုးစားခဲ့သော်လည်း အရာမထင်ခဲ့ချေ။ ပွဲချိန် ၈၈ မိနစ်၌ နိုဗာရာအသင်းမှ ဒိုဗာနီဇစ်က ချေပဂိုး သွင်းယူခဲ့သဖြင့် တစ်ဂိုးစီ သရေဖြစ်နေခဲ့သည်။ အေစီမီလန်တို့ အနိုင်ဂိုးသွင်းယူနိုင်ရေး ကစားအားတင်ခဲ့ရာ ပွဲချိန် မိနစ် ၉၀ ပြည့်ပြီး လေလွင့်ချိန် ထပ်မံပေးသည့် အချိန်အတွင်း အေစီမီလန်မှ ပါတိုက ဂိုးသွင်းယူနိုင်ခဲ့သဖြင့် နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။** (အင်တာနက်)*



● *ကျောဖုံးမှ*

ပွဲချိန်ပြည့်သည်အထိ ရီးရဲမက်ဒရစ်တို့ ချေပဂိုး မသွင်းနိုင်ခဲ့သဖြင့် အိမ်ကွင်း၌ နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်ပြီး ဘာစီလိုနာတို့လည်း အဝေးကွင်း၌ နှစ်ဂိုးရရှိခဲ့ခြင်းဖြစ်သည်။ တစ်ဖန် ဘီလ်ဘာအိုနှင့် မာလော့ကာတို့ပွဲတွင် ဘီလ်ဘာအိုတို့က နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။ ဘီလ်ဘာအိုအတွက် ဂိုးများကို ပွဲချိန် ၃၅ မိနစ်၌ လောရင့်တီက တစ်ဂိုးနှင့် ၅၉ မိနစ်၌ မူနီရာအင်က တစ်ဂိုး သွင်းယူခဲ့ခြင်းဖြစ်သည်။

စပိန်ကိုပါဖလား ကွာတားဖိုင်နယ် ဒုတိယအကျော့ ပွဲစဉ်များကို ဇန်နဝါရီ ၂၄ ရက်နှင့် ၂၆ ရက်တို့တွင် ဆက်လက်ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **(အင်တာနက်)**

ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ ရှာရာပိုဗာ တတိယအဆင့်တက်ရောက်

မဲလ်ဘုန်း ဇန်နဝါရီ ၁၉

ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲကို ဇန်နဝါရီ ၁၉ ရက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ အမျိုးသမီးတစ်ဦးချင်း ဒုတိယအဆင့်ပွဲစဉ်တွင် ရုရှားတင်းနစ်မယ် ရှာရာပိုဗာက အမေရိကန်တင်းနစ်မယ် ဟမ်ပတန်ကို အနိုင်ရရှိကာ တတိယအဆင့်သို့ တက်ရောက်သွားပြီဖြစ်သည်။

ရှာရာပိုဗာ **(အပေါ်ပုံ)**သည် ဟမ်ပတန်ကို ၆-၀၊ ၆-၁ ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ဟမ်ပတန်သည် ၂၀၀၈ ခုနှစ် ဩစတြေးလျအိုးပင်း၌ ဗိုလ်စွဲခဲ့သူဖြစ်သည်။ ထို့အတူ တရုတ်တင်းနစ်မယ်ကျန်ကျီက အီတလီတင်းနစ်မယ် ရိုဘာတာဗင်စီအား ၆-၄၊ ၆-၂ ဖြင့် အနိုင်ရရှိပြီး တတိယအဆင့် တက်ရောက်ခဲ့သည်။ တစ်ဖန် ရုရှားတင်းနစ်မယ် ဗိုနာရီဗာက ချက်တင်းနစ်မယ်ဟာဒက်ကာအား ၆-၁၊ ၇-၆ ဖြင့် အနိုင်ရရှိခဲ့သည်။ **(အင်တာနက်)**

မာရာဒိုနာ ရှန်ဟိုင်းမြို့၌ ပရိသတ်များနှင့် တွေ့ဆုံ

ရှန်ဟိုင်း ဇန်နဝါရီ ၁၉

အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)ကလပ် အောဝါဆယ်အသင်းအား နည်းပြအဖြစ် တာဝန်ယူနေသည့် ကမ္ဘာကျော်ဘောလုံးသမားဟောင်း မာရာဒိုနာသည် ဇန်နဝါရီ ၁၅ ရက်က ဒူဘိုင်းလ်မြို့ဆေးရုံ၌ ဆီးကျောက်တည်မှုကို အောင်မြင်စွာ ခွဲစိတ်ကုသနိုင်ခဲ့ပြီးနောက် ဇန်နဝါရီ ၁၈ ရက်က တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့သို့ ရောက်ရှိလာခဲ့သည်။

*ရှန်ဟိုင်းမြို့ရှိ လူငယ်ဘောလုံးပရိသတ်များနှင့် တွေ့ဆုံပွဲတစ်ရပ်ပြုလုပ်ရန် ဖိတ်ကြားချက်အရ မာရာဒိုနာရောက်ရှိခဲ့ခြင်းဖြစ်သည်။ ယင်းတွေ့ဆုံပွဲ၌ မာရာဒိုနာက လူငယ်ဘောလုံးပရိသတ်နှင့်အတူ သရုပ်ပြမှုများ ပြုလုပ်ခဲ့သည်။ **(ယာပုံ)***

ဖလားရယူပေးနိုင်ခဲ့

အသက် ၅၁ နှစ်အရွယ်ရှိပြီဖြစ်သည့် မာရာဒိုနာသည် ၁၉၈၆ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲ၌ အာဂျင်တီးနားအသင်းအတွက် ဖလားရယူပေးနိုင်ခဲ့သူဖြစ်သည်။ မာရာဒိုနာသည် ပြီးခဲ့သည့် ကမ္ဘာ့ဖလားပွဲအပြီး အာဂျင်တီးနားအသင်း နည်းပြအဖြစ်မှ ထုတ်ပယ်ခံခဲ့ရသည်။

*ပြီးခဲ့သည့်နှစ် ဇွန်လမှ စတင်ကာ ယူအေအီးကလပ် အောဝါဆယ်အသင်းနှင့် ၁၁ လစာချုပ်ဖြင့် နည်းပြတာဝန်ထမ်းဆောင်ရန် ဆောင်ရွက်နေခြင်းဖြစ်သည်။ **(အင်တာနက်)***

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုအား အိန္ဒိယကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၉

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုအား မြန်မာ-အိန္ဒိယနယ်စပ် နယ်ဘက်အာဏာပိုင်များ၏ (၁၇)ကြိမ်မြောက် နိုင်ငံတော်အဆင့် အစည်းအဝေးသို့ တက်ရောက်ရန် ရောက်ရှိလာသည့် အိန္ဒိယသမ္မတနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. R.K. Singh ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာ၌ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံဆက်ဆံရေးမြှင့်တင်ရေးနှင့် နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တက်ရောက်

ယင်းတွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ကျော်ကျော်ထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Dr. V. S. Seshadri နှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုအား အိန္ဒိယသမ္မတနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. R.K. Singh လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား မလေးရှားသံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၉

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး H. E. Dr. Ahmad Faisal Muhamad သည် ယမန်နေ့ နံနက်ပိုင်းတွင် အဆိုပါ ဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး**(ဝဲပုံ)** ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာကိစ္စရပ်များ၊ ငွေရေးကြေးရေးစနစ်ဖွံ့ဖြိုးလာရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များနှင့် မလေးရှားနိုင်ငံတွင် အလုပ်လုပ်ကိုင်နေသည့် မြန်မာ အလုပ်သမားများ၏ လွှဲပို့ငွေဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ယင်းသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဦးဝင်းသန်းနှင့်သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကလေးသူငယ်နှင့် လူ့အခွင့်အရေးအသိပညာပေးလုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ပိတ်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၉

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကကြီးမှူး၍ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့၏ပံ့ပိုးမှုဖြင့် ကျင်းပသော ကလေးသူငယ်နှင့် လူ့အခွင့်အရေး အသိပညာပေးလုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ပိတ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၈ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ် ကုန်းဘောင်ခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြက အမှာစကားပြောကြားသည်။

ဆက်လက်၍ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ ဒုတိယဌာနေကိုယ်စားလှယ် Ms. Juanita Vasquez က ကျေးဇူးတင်စကားပြောကြားပြီး ပိတ်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆွေးနွေးချမှတ်

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၁၆ ရက်မှစ၍ သုံးရက်ကြာ ကျင်းပခဲ့ရာ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်၊ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနတို့မှ ပညာရှင်များက ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂညီလာခံသဘောတူစာချုပ်၏ သမိုင်းနောက်ခံ၊ ကုလသမဂ္ဂ၏ လူ့အခွင့်အရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ မြန်မာနိုင်ငံအတွင်း ကလေးသူငယ်နှင့် လူ့အခွင့်အရေးမြှင့်တင်ခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ အခန်းကဏ္ဍ၊ ကျောင်းများတွင် လူ့အခွင့်အရေးဆိုင်ရာ သင်ရိုးဖြင့် သင်ကြားမှု အတွေ့အကြုံများ၊ ပြည်သူလူထုအတွင်း လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေးရေးလုပ်ငန်းကိုမီဒီယာဖြင့် ထိရောက်အသုံးဝင်အောင် တိုးမြှင့်ဆောင်ရွက်ရေးတို့ကိုလည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ တရားလွှတ်တော်ရုံး၊ အလုပ်သမားဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များက မြန်မာနိုင်ငံတွင် ကလေးသူငယ်နှင့်လူ့အခွင့်အရေးမြှင့်တင်ခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်း လုပ်ငန်းဆောင်ရွက်မှုအတွေ့အကြုံများကို လည်းကောင်း၊ Save the Children၊ World Vision၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှ ကိုယ်စားလှယ်များက ရပ်ရွာဒေသများနှင့် ပြည်သူလူထုအတွင်း ကလေးသူငယ်နှင့် လူ့အခွင့်အရေးအသိပညာပေးလုပ်ငန်းမြှင့်တင်ဆောင်ရွက်မှု အတွေ့အကြုံများကိုလည်းကောင်း တင်ပြခဲ့ကြပြီး ဌာနဆိုင်ရာများနှင့် အဖွဲ့အစည်းအသီးသီးမှ ဆွေးနွေးပွဲ တက်ရောက်သူများက အကြံပြုချက်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းလျာထားချက်များကို ဆွေးနွေးချမှတ်နိုင်ခဲ့ကြရာ မြန်မာနိုင်ငံအတွင်း ကလေးသူငယ်နှင့် လူ့အခွင့်အရေး အသိပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရေးအတွက် ကောင်းမွန်သော အကြံပြုချက်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းလျာထားချက်များ ရရှိခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

အမှာစကားပြောကြား

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြ ကလေးသူငယ်နှင့် လူ့အခွင့်အရေးအသိပညာပေးလုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ပိတ်ပွဲအခမ်းအနား၌ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

◯ ကျော်ဖုံးမှ

ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်း၊ ကချင်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးသန်းအောင်၊ မံစီမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခက်ထိန်နန်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်မှူးကြီးဇော်နိုင်ဦး၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ တိုင်းဦးစီးဗိုလ်မှူးကြီး ဗိုလ်မှူးကြီးဝင်းသိန်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တိုင်းဦးစီးဗိုလ်မှူးကြီး ဗိုလ်မှူးကြီးမြင့်ဆွေ၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးစိုးအောင်တို့ပါဝင်သောအဖွဲ့နှင့် KIO ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်၊ အမြဲတမ်း KIO ဗဟိုကော်မတီဝင် ဦးဆွမ်လွတ်ဂမ်ခေါင်းဆောင်၍ အဖွဲ့ဝင်များအဖြစ် KIO ဗဟိုကော်မတီဝင်များဖြစ်ကြသော ဦးလဖိုင်လ၊ ဦးဂျီးနောင်၊ ဦးလဂျောင်ခေါင်လွမ်း၊ ဦးအင်ဂန်းဇော်ခွမ်၊ ဦးခွန်နောင်၊ ဦးလဖိုင်ဇော်ရော်၊ ဦးမရန်ဇော်တောင်တို့နှင့် ဦးဆွတ်အောင်မြတ်၊ ဦးနော်ဘူ၊ ဦးဆင်းခေါ၊ ဦးနော်ထွဲတို့ပါဝင်သောအဖွဲ့သည် ဒေသတွင်းငြိမ်းချမ်းရေးတည်ဆောက်ရန်အတွက် ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် နှစ်ဖက်အဖွဲ့များသည် အမှတ်တရလက်ဆောင်များ အပြန်အလှန်ပေးအပ်ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကြသည်။

ဇန်နဝါရီ ၁၈ ရက် ညပိုင်းတွင် နှစ်ဖက်ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ဝင်များသည် ရင်းနှီးခင်မင်စွာဖြင့် ညစာအတူတကွ သုံးဆောင်ကြသည်။

ဇန်နဝါရီ ၁၉ ရက်တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် KIO ကိုယ်စားလှယ်အဖွဲ့တို့သည် ထာဝရငြိမ်းချမ်းရေးဖော်ဆောင်နိုင်ရေး နိုင်ငံရေးနည်းလမ်းဖြင့် ဆက်လက်တွေ့ဆုံ ဆွေးနွေးနိုင်ရန်နှင့် စစ်မက်အရှိန်များလျှော့ချနိုင်ရန်အတွက် ကြေညာချက်တစ်ရပ် ထုတ်ပြန်သည်။

ယင်းထုတ်ပြန်ချက်အပြည့်အစုံမှာ-

(၁) ပြည်ထောင်စု မြန်မာနိုင်ငံတော် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် KIO ကိုယ်စားလှယ်တို့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းရေးနှင့် ထာဝရတည်တံ့ခိုင်မြဲသောငြိမ်းချမ်းရေးဖော်ဆောင်နိုင်ရန် ရှေးရှု၍ ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၁၈ ရက်နေ့နှင့် ၁၉ ရက်နေ့တို့တွင် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ရွှေလီမြို့၌ တွေ့ဆုံခဲ့ကြပါသည်။

(၂) နိုင်ငံတော်အစိုးရနှင့် KIO တို့သည် နိုင်ငံရေးနည်းလမ်းဖြင့် ဆက်လက်ညှိနှိုင်း ဆွေးနွေးသွားကြမည်ဖြစ်ပါသည်။

(၃) ဆွေးနွေးကြသည့် အကြောင်းအရာများကို ပြည်သူအများ သိစေရန် မှန်ကန်သောသတင်းများ ထုတ်ပြန်သွားမည်။

(၄) စစ်ရေးအရှိန်များကို ထိန်းသိမ်းသွားနိုင်ရန်နှင့် ယုံကြည်မှုတည်ဆောက်နိုင်ရန်အတွက် ပြဿနာ ဖြစ်ပွားနိုင်သောဒေသများရှိ နှစ်ဖက်တပ်များကိစ္စအား ညှိနှိုင်းဆောင်ရွက်သွားကြမည်ဖြစ်ပါသည်

ဟူ၍ ဖြစ်ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

ဆုချီးမြှင့်

ဇန်နဝါရီ ၁၅ ရက်က မင်္ဂလာဒုံမြို့နယ် အမှတ် (၃၃) အခြေခံပညာ မူလတန်းကျောင်း၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲ၌ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရရှိခဲ့သော မောင်ခန့်ညားဦးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်လွင်လွင် ဆုချီးမြှင့်စဉ်။ (ပညာရေး)

မြန်မာ့ရုပ်မြင်သံကြား

၂၀-၁-၂၀၁၂ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ အောင်တော်မူ(စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
၇:၅၀ ၅။ သံသာချို့အေးမင်္ဂလာတေး
၈:၀၅ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈:၁၀ ၇။ ကြေးမုံရိုပ်သွင်တေးနှယ်ဉ်
၈:၂၀ ၈။ **မနောမြေအလှမှတ်တမ်း တစ်စိတ်တစ်ဒေသ**
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ တေးဂီတအစီအစဉ်

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၄:၂၀ ၃။ **ရတနာစုံညီ နေပြည်တော်ဆီ**
၄:၃၅ ၄။ အကပြိုင်ပွဲ
၄:၄၀ ၅။ နှောင်းခေတ်တေးပဒေသာ
၄:၅၀ ၆။ **နေပြည်တော်ရေပန်းဥယျာဉ်** (တိုးချဲ့)
၄:၅၅ ၇။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၅:၁၀ ၈။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅:၁၅ ၉။ မြန်မာစာ၊ မြန်မာစကား
၅:၃၀ ၁၀။ တေးဂီတအစီအစဉ်
၅:၄၅ ၁၁။ **စုစည်းခံစားကမ္ဘာ့အားကစား**
၆:၀၀ ၁၂။ ညနေခင်းသတင်း
၆:၁၅ ၁၃။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၄။ ရသစုံလင်အင်တာနက်ဥယျာဉ်
၇:၀၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်နဲ့အမုန်း** (ဒုတိယတွဲ) (အပိုင်း-၂၅)
၈:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ လျှပ်တစ်ပြက်ဟာသများ
၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရေသူမလေးနောက်ဆုံးချစ်ပုံပြင်** (ဒုတိယတွဲ) (အပိုင်း-၃၇)
၂၁။ **သီချင်းချစ်သူ** (သီရိဆွေ)

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်အား စင်ကာပူနိုင်ငံမှဧည့်သည် လာရောက်တွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၁၉

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဉာဏ်ဝင်းအား စင်ကာပူနိုင်ငံ NEW Hope Singapore ကုမ္ပဏီလီမိတက်မှ အမှုဆောင်ဒါရိုက်တာ Mr. Li Pingwen သည် ဇန်နဝါရီ ၁၈ ရက်တွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ (ဝဲပုံ)

တွေ့ဆုံပွဲသို့ တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီး ဦးမြင့်လွင်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

✻ ကျော့ဖုံးမှ

"အရင်ကလည်း ဖုန်းစာရွက်စာတမ်း အပေါင်ထားချင်တဲ့သူရှိရင် လုပ်ပေးနေကျပါ။ အခုနောက်ပိုင်းမှာ ဆင်န်းကတ်မပါရင် လုံးဝအပေါင်မခံရဲတော့ပါဘူး။ မနေ့ကပဲ ရပ်ကွက်ထဲမှာ ပွဲစားတစ်ယောက်က ငွေထုတ်ပေးတဲ့သူဆီကို ဖုန်းငါးလုံး ငွေကျပ်နှစ်သိန်းခွဲစီနဲ့ အပေါင်ထားသွားတယ်။ သေချာစစ်ဆေး မေးမြန်းကြည့်တော့မှ စာရွက်စာတမ်းတွေ အားလုံးအတုတွေဖြစ်နေပြီး တာဝန်ခံတဲ့ပွဲစားကလည်း လိမ်ပြေးသွားတယ်" ဟု ဇဟာန်းမြို့နယ်အတွင်းနေထိုင်သူတစ်ဦးက သူမ၏အတွေ့အကြုံကို ပြောပြသည်။ **(မြန်မာ့အလင်း)**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဒေသဆိုင်ရာလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေး(၁/၂၀၁၂) ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၉

မွန်ပြည်နယ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဒေသဆိုင်ရာလုပ်ငန်းကော်မတီ၏လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၇ ရက် မွန်းလွဲ ၁ နာရီတွင် မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ကျင်းပရာ မွန်ပြည်နယ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဒေသဆိုင်ရာလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့် တက်ရောက်အမှာစကားပြောကြားသည်။

ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာ၌ မွန်ပြည်နယ် ဖွံ့ဖြိုးတိုးတက်မှုသည် ပြည်နယ်ငြိမ်းချမ်းရေးအပေါ်မူတည်ကြောင်း၊ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို စံချိန်မီဆောင်ရွက်ရန် ထာဝရငြိမ်းချမ်းမှုသည် အဓိကကျကြောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် နယ်စပ်ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်လျက်ရှိရာ အစိုးရအဖွဲ့၏အစိတ်အပိုင်းအားလုံးက ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများသည် အစိုးရအဖွဲ့၏အစိတ်အပိုင်းဖြစ်သကဲ့သို့ အဓိကကျသည့်အတွက် ပြည့်ပြည့်ဝဝ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် မွန်ပြည်နယ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီး ဌေးမြင့်အောင်က ၂၀၁၁ ခုနှစ်အတွင်း မွန်ပြည်နယ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီး ကော်မတီအတွင်းရေးမှူး ဦးဇော်လင်းထွန်းက ၂၀၁၁ ခုနှစ်အတွင်း မွန်ပြည်နယ်၏ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေး တက်ရောက်လာကြသည့် မြို့နယ်အုပ်ချုပ်ရေးမှူးများက မြို့နယ်အလိုက် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ခရိုင်အုပ်ချုပ်ရေးမှူးများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် မွန်ပြည်နယ် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဒေသဆိုင်ရာလုပ်ငန်းကော်မတီဝင်များက ရှင်းလင်းဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

3rd Japan Cup တံခွန်စိုက်ကရာတေးဒိုပြိုင်ပွဲဖွင့်

ရန်ကုန် ဇန်နဝါရီ ၁၉

မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးတို့ ပူးပေါင်းစီစဉ်၍ ဂျပန်ကုန်သည်ကြီးများအသင်း(ရန်ကုန်) (JCCY)၏ ပံ့ပိုးမှုဖြင့် ၂၀၁၂ ခုနှစ် 3rd Japan Cup တံခွန်စိုက် ကရာတေးဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E. Mr. Takashi SAITO က အဖွင့်အမှာစကားပြောကြားကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေး၍ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ ဦးဝင်းဇော်က ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ ဂျပန်နိုင်ငံ သံအမတ်ကြီးနှင့် မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌတို့က ပြိုင်ပွဲဝင်အသင်းများအားလိုက်လံနှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

ထို့နောက် မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌက ဂျပန်နိုင်ငံသံအမတ်ကြီးနှင့် ပြိုင်ပွဲဖြစ်မြောက်ရေးအတွက် ကူညီပံ့ပိုးပေးသော JCCY မှ အမှုဆောင် Mr. Shigeo Hana တို့အား ပြိုင်ပွဲအထိမ်းအမှတ် လက်ဆောင်များပေးအပ်ပြီး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော အလက(၂)ဒဂုံ၊ အထက(၄) မင်္ဂလာတောင်ညွန့်နှင့် အထက(၃) မင်္ဂလာတောင်ညွန့်တို့မှ တာဝန်ခံ ဆရာ ဆရာမကြီးများအား ကျောင်းရန်ပုံငွေအတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

စတင်ကျင်းပ

ယင်းနောက် မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်မှ လက်ရွေးစင်အားကစားသမားများက ကရာတေးဒို နည်းစနစ်သရုပ်ပြသ၍ မြန်မာ-ဂျပန် နှစ်နိုင်ငံချစ်ကြည်ရေးကိုရှေးရှု၍ မြန်မာနိုင်ငံတွင် Karatedo Technical Seminar Course ကို လာရောက်ပြသသည့် Mr. Fujikiyo Omura (7th Dan. JKAW/F Asia Oceania Director) နှင့်အဖွဲ့က သရုပ်ပြသ၍ ပြိုင်ပွဲ ပထမနေ့ ပွဲစဉ်များကို စတင်ကျင်းပသည်။

ပြိုင်ပွဲသို့ မည်သူမဆို အခမဲ့ ဝင်ရောက်ကြည့်ရှုနိုင်ပြီး ဆုပေးပွဲကို ဇန်နဝါရီ ၂၀ ရက် မွန်းလွဲ ၂ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြို့ပြရထားလုပ်ငန်း ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်း အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၉

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန မြန်မာ့မီးရထားနှင့် ဂျပန်နိုင်ငံပို့ဆောင်ရေးကော်ပိုရေးရှင်း အဖွဲ့အစည်းတို့၏ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ဖြင့် မြို့ပြရထားလုပ်ငန်း ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်း အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၁၇ ရက် နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ စင်ထရယ်ဟိုတယ်ရှိ ပတ္တမြားခန်းမ၌ ကျင်းပသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ မြန်မာ့မီးရထားဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် သက်ဆိုင်ရာအရာရှိများ၊ ရန်ကုန်မြို့ပတ်ရထား လုပ်ငန်းဆောင်ရွက်လိုသော တိုင်းရင်းသားလုပ်ငန်းရှင်များ၊ ဂျပန်နိုင်ငံပို့ဆောင်ရေးကော်ပိုရေးရှင်းအဖွဲ့အစည်းမှ ဒါရိုက်တာနှင့် Oriental Consultants Co., Ltd နှင့် Japan Transportation Consultants, Inc မှ ပညာရှင်များ တက်ရောက်ကြသည်။

ဆွေးနွေး

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲကိုကျင်းပရာ ဂျပန်နိုင်ငံ Oriental Consultants Co., Ltd မှ Dr.Narentorn Yingyongrattanakul က ထိုင်းနိုင်ငံနှင့် အခြားနိုင်ငံများ၏ မြို့ပြရထားလုပ်ငန်း ပုဂ္ဂလိကပိုင် ပြုပြင်ပြောင်းလဲမှုဆိုင်ရာ အတွေ့အကြုံနှင့် အခြေအနေများ၊ ရထားလုပ်ငန်းစီမံကိန်းများ၏ ငွေကြေးဆိုင်ရာဆန်းစစ်ချက်များ ခေါင်းစဉ်တို့ကို လည်းကောင်း၊ Japan Transportation Consultants, Inc မှ Mr Jiro Ishimura မှ ဂျပန်နိုင်ငံရထားလုပ်ငန်း၏ ကြွေးမြီပြဿနာအခက်အခဲများဖြေရှင်းမှုနှင့် ရထားလုပ်ငန်း ပုဂ္ဂလိကပိုင် ပြုလုပ်ခဲ့ပုံ အဆင့်ဆင့် ခေါင်းစဉ်ကိုလည်းကောင်း ဆွေးနွေးသည်။ **(အပေါ်ပုံ)**

ထို့နောက် တက်ရောက်လာသူများ၏ မေးမြန်းချက်များကို သက်ဆိုင်ရာပညာရှင်များက ပြန်လည်ဆွေးနွေးကြပြီး အလုပ်ရုံဆွေးနွေးပွဲကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ဆုငွေပေးအပ်

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် လက်ဝှေ့ ၄၈ ကီလိုတန်း၌ ငွေတံဆိပ်ဆုရ ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် တောင်ကြာအင်းစံပြကျေးရွာနေသူ မနန်းသက်ထားစံအား ဇန်နဝါရီ ၂ ရက်က ဦးမန်းစံထွန်း၏နေအိမ်၌ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာသူ ကျေးရွာသားများက ဂုဏ်ပြုဆုငွေကျပ် ၂၅၀၀၀၀နှင့် လက်ဆောင်ပစ္စည်းများ ချီးမြှင့်ပွဲကျင်းပရာ ကျေးရွာသူ ကျေးရွာသားများကိုယ်စား ကျေးရွာအုပ်ချုပ်ရေးမှူး ဦးချစ်ကိုကိုက ဂုဏ်ပြုဆုငွေ ပေးအပ်စဉ်။ (ခရိုင် ပြန်/ဆက်)

မန္တလေးမြို့ မဟာအောင်မြေမြို့နယ်၌ မီးလောင် အိမ်ခြေ ၂၆လုံး မီးလောင်ဆုံးရှုံးခဲ့

မန္တလေး ဇန်နဝါရီ ၁၉

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် သံလျက်မှော် အရှေ့ရပ်ကွက် အကွက်(၄၂၈)နေ ဒေါ်မွန်မွန်ဇင်၏နေအိမ်မှ ယနေ့ နံနက် ၂ နာရီခွဲတွင် မီးကြွင်း မီးကျန်မှ စတင်ပြီး မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်ရာသို့ မီးသတ်တပ်ဖွဲ့ ၂၅၀၊ မီးသတ်ကား ၅၃ စီးတို့ဖြင့် မီးငြိမ်းသတ်ခဲ့ရာ နံနက် ၃ နာရီ မိနစ် ၂၀ တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။ မီးလောင်မှုကြောင့် အိမ်ခြေ ၂၆ လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး အိမ်ထောင်စု ၂၈ စု၊ လူဦးရေ ၁၀၆ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့သည်။

မီးလောင်ကျွမ်းခံရသူများအား အကွက်(၄၂၉)ရှိ ပြည်လုံးအုံ့ဓမ္မာရုံတွင် ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ဆောင်ရွက်ထားရှိပြီး တာဝန်ရှိသူများနှင့်တကွ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့များအပါအဝင် လူမှုရေးအသင်းအဖွဲ့များက စားသောက်နေထိုင်ရေး အဆင်ပြေစေရေးအတွက် လိုအပ်သည်များ ကူညီပံ့ပိုးဆောင်ရွက်ပေးကြကြောင်း သိရှိရသည်။ **(ညွှန့်ဇော်-မန္တလေးကိုယ်ပွား)**

မြန်အောင်မြို့နယ် မြို့မနေခြည်ဈေးကြီးတွင် ဇန်နဝါရီ ၁ ရက်က မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေးအဖွဲ့လိုက်သရုပ်ပြလေ့ကျင့်ကြရာ မြို့နယ်အမှုဆောင်အရာရှိ ဦးတင့်လွင်ဦး၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးနိုင်၊ ဈေးကော်မတီဝင်များနှင့် ဈေးသူဈေးသားများ စုပေါင်းပါဝင်ဆောင်ရွက်ကြစဉ်။ (မြို့နယ် ပြန်/ဆက်)

လယ်ယာထွက်ကုန်ပစ္စည်းများ ရသင့်ရထိုက်သည့်ဈေးနှုန်း ရရှိရေးဆောင်ရွက် ဒေသဖွံ့ဖြိုးရေး ဌာနဆိုင်ရာများ ဒေသခံပြည်သူများနှင့်ပူးပေါင်းလုပ်ဆောင်

နေပြည်တော် ဇန်နဝါရီ ၁၉

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းတွင် ရေဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံပြီး နိုင်ငံတော်အနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် ၂၀၁၁ မှ၂၀၁၅ အထိ ငါးနှစ်စီမံကိန်းချမှတ်ကာ လုပ်ငန်းစဉ်(၈)ရပ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ လယ်ယာထွက်ကုန်ပစ္စည်းများ ရသင့်ရထိုက်သည့် ဈေးနှုန်းများရရှိရေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဌာနဆိုင်ရာများအနေဖြင့် ဒေသဖွံ့ဖြိုးရေးအတွက် မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ရွှေနဂါးမင်းကုမ္ပဏီက ရေဦး-တမာတော-ကံထူးမလမ်း ဖွံ့ဖြိုးရေးအတွက် ငွေကျပ် ၈၉ သိန်း၊ ရေဦးမြို့ အထက(၁)နှင့် အထက(၂) အတွက် ငွေကျပ်သိန်း ၂၀ စီ၊ ဆေးတက္ကသိုလ်ဝင်ခွင့်ရ ကျောင်းသူနှစ်ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ငါးသိန်းစီ၊ ရေဦးမြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံးအတွက် Sky Net ရုပ်သံဖမ်းစက်တစ်စုံ၊ မြို့နယ်ပြည်သူ့ဆေးရုံအတွက် မွေ့ဆိပ်ဖြေဆေး အလုံး ၂၀ တို့ကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ရေဦးမြို့ အထက(၂) သို့ရောက်ရှိပြီး ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ အားပေးစကားပြောကြားပြီး ဗိုလ်အောင်ဇေယျရပ်ကွက်ရှိ နှီးဒေါင်းလန်းရက်လုပ်ပုံ အဆင့်ဆင့်ကို သွားရောက် ကြည့်ရှုလေ့လာ၍ အရည်အသွေးကောင်းမွန်အောင် ထုတ်လုပ်ရေး၊ မြန်မာ့လက်မှုအတတ်ပညာများအား ထိန်းသိမ်းရေးနှင့် ဈေးကွက်ရရှိရေးတို့ကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရေဦးမြို့နယ် တင်းတိမ်ရန်စံပြကျေးရွာ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က အစီအမံများချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားကာ တင်းတိမ်ရန်-ဇေယျဝတီလမ်း ဖောက်လုပ်နေမှုနှင့် ရေဦး-တမာတော-ကံထူးမ လမ်းပိုင်းအခြေအနေတို့ကို လှည့်လည်ကြည့်ရှုသည်။

ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းတွင် တန့်ဆည်မြို့ ပင်စောက်ဘုန်းတော်ကြီးကျောင်း၌ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး တန့်ဆည်မြို့ သီရိကန်နှင့် ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေး ဆောင်ရွက်မည့်အစီအမံများကို ဌာနဆိုင်ရာများနှင့် မြို့မိ မြို့ဖများအား ပြောကြားသည်။

တွေ့ဆုံ

ဆက်လက်၍ တန့်ဆည်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ယင်းနောက် ရွှေနဂါးမင်းကုမ္ပဏီက ကန်တွင်းဆုတောင်းပြည့် ရန်အောင်မြင်ဘုရား မွမ်းမံပြင်ဆင်ရေးအတွက် ငွေကျပ် ၁၀ သိန်း၊ ကန်ဖျားဘုန်းတော်ကြီးကျောင်းအတွက် Sky Net ရုပ်သံဖမ်းစက်နှင့် 32" LCD TV တစ်လုံး၊ နဘက်ကြီးကျေးရွာ ဆေးရုံအတွက် ဆိုလာရေခဲသေတ္တာတစ်လုံးနှင့် မွေ့ဆိပ်ဖြေဆေး ၁၀ လုံး၊ မြို့နယ်ပြည်သူ့ဆေးရုံအတွက် မွေ့ဆိပ်ဖြေဆေး ၁၀ လုံး၊ တန့်ဆည်အထက၊ နဘက်ကြီးအထက၊ ရွာရှည်အထက(ခွဲ)၊ လမ်းဆုံ အလကနှင့် ငှက်ပျောတောကျေးရွာ စာကြည့်တိုက်တို့အတွက် Sky Net ရုပ်သံဖမ်းစက် တစ်စုံစီ၊ ညံ့သာ၊ စပါးတဲနှင့် ကံကြီးကုန်းကျေးရွာ စာကြည့်တိုက်တို့အတွက် ငွေကျပ်နှစ်သိန်းစီ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအတွက် ရုံးသုံးကာလာပရင်တာနှင့် မိတ္တူကူးစက်တစ်လုံး၊ ကရုဏာသွေးလှူရှင်များအသင်းအတွက် အလှူငွေကျပ်ငါးသိန်းကို လည်းကောင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မြင့်နှင့် ဒေသခံလုပ်ငန်းရှင် ဦးကျော်မြင့်တို့က ကန်တွင်းဆုတောင်းပြည့် ရန်အောင်မြင်ဘုရားဘက်စုံ မွမ်းမံပြင်ဆင်ရေးအတွက် ငွေကျပ် ငါးသိန်းစီကို လည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် နဘက်ကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းဆောင်သစ်ဆောက်လုပ်နေမှုကို ကြည့်ရှုပြီး နဘက်ကြီးကျေးရွာနှင့် အင်ကုက္ကားကျေးရွာတို့၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

တွေ့ဆုံမှာကြား

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် တန့်ဆည်မြို့ အင်ကုက္ကားကျေးရွာ၌ ဒေသခံပြည်သူများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော် နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ တောင်သူပညာပေး စက်မှုလယ်ယာစနစ် ဧက (၅၀၀) စိုက်ကွင်း၌ တောင်တွင်းကြီးမြို့နယ်မှ လေ့လာရေး တောင်သူများအား ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

တောင်သူလယ်သမားများဘဝ ဝင်ငွေနှစ်ဆတိုးတက်ရန် ပညာပေးစိုက်ခင်းမှတွေ့ရှိချက်များ လက်တွေ့ကျင့်သုံးလုပ်ကိုင်

နေပြည်တော် ဇန်နဝါရီ ၁၉

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်သည် ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ တောင်သူပညာပေး စက်မှုလယ်ယာစနစ် ဧက ၅၀၀ စိုက်ကွင်းသို့ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများလေ့လာရန် ရောက်ရှိလာကြသော မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်သိန်း ဦးဆောင်သောတောင်သူ ၅၂ ဦးပါ လေ့လာရေးအဖွဲ့အား တွေ့ဆုံ၍ တောင်သူလယ်သမားများ၏ အခြေခံ လိုအပ်ချက်ဖြစ်သည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးရည်မှန်းချက်ကို အမျိုးသားရေးရည်မှန်းချက်အဖြစ် နိုင်ငံတော်က ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ တောင်သူလယ်သမားများဘဝ ဝင်ငွေနှစ်ဆတိုးတက်ရန် လယ်ယာထုတ်ကုန်များ တိုးတက်မြင့်မားရေးအတွက် အခြေခံသော့ချက်(၅)ချက်ကို လိုက်နာကျင့်သုံးကြရန်နှင့် ယခုရောက်ရှိနေသော တောင်သူပညာပေးစိုက်ခင်းမှ တွေ့ရှိချက်များကို ထိထိရောက်ရောက် လက်တွေ့ ကျင့်သုံးလုပ်ကိုင်ကြရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ လေ့လာရေး တောင်သူများသည် စိုက်ခင်းအတွင်း ဖြစ်ထွန်းအောင်မြင်နေသော ဟင်းသီးဟင်းရွက် သစ်သီးဝလံတစ်ဆက်တစ်စပ်တည်း ၃၅ မျိုး စိုက်ခင်း၏ ဖြစ်ထွန်းအောင်မြင်နေမှုများ၊ တစ်ဧကတင်း ၂၀၀ အထက် ထွက်ရှိနိုင်မည့် ပုလဲသွယ်စပ်မျိုးစပါးများကို သိပ္ပံနည်းကျပေါင်စနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးထားရှိမှုများနှင့် အထူးအထွက်တိုးကြံစိုက်ခင်းတို့ကို လေ့လာကြရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း အထွေထွေမန်နေဂျာက အထူး အထွက်တိုး ပုလဲသွယ်မျိုးစပါးများကို လေ့လာရေးတောင်သူများအား ပေးအပ်သည်။

ထိုမှတစ်ဆင့် လေ့လာရေးအဖွဲ့သည် ဒက္ခိဏသီရိမြို့နယ်ချိုင်းကျေးရွာရှိ တောင်သူပညာပေး ဧက ၄၀ အထူးအထွက်တိုး စပ်မျိုးစပါးစိုက်ခင်း၊ ပျဉ်းမနားမြို့နယ် အလျင်လိုကျေးရွာရှိ အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါး ၁၆၉ ဧက တောင်သူပညာပေး စိုက်ခင်းနှင့် အဆင့်မြင့်လယ်ယာမြေ ၉၄၅ ဧက၌ သိပ္ပံနည်းကျစိုက်နည်း GAP စနစ် မျိုးစေ့ချနေမှုတို့ကို လေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော် ဇန်နဝါရီ ၁၉

ရွှေတောင်မြို့နယ်အသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကျင်းပမည်

ရွှေတောင်မြို့နယ်အသင်း(ရန်ကုန်)၏ ၂၀၁၁ ခုနှစ်အတွက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၂ ရက် နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် သိမ်ကြီးဈေး(စီ)ရုံရှိ GANO EXCEL ကုမ္ပဏီအစည်းအဝေးခန်း၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများနှင့် ရွှေတောင်မြို့သူ မြို့သားများ ဖိတ်စာရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် အသင်းသားများ၏ သားသမီးများအနက် ၂၀၁၀-၂၀၁၁ စာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်း၌ ဂုဏ်ထူးဖြင့် အောင်မြင်ကြသူများအား ပညာရည်ချွန်ဆုချီးမြှင့်မည်ဖြစ်ရာ ဦးရဲလှမြတ် ဖုန်း-၀၉-၄၉၂၀၄၈၈၈၊ ဦးရဲမြင့် ဖုန်း-၀၉-၇၃၀၃၈၉၂၀၊ ဦးအောင်ဝင်းနိုင် ဖုန်း-၅၄၃၃၁၉ တို့ထံ ကြိုတင်စာရင်းပေး အကြောင်းကြားရန်နှင့် အစည်းအဝေးသို့ အထောက်အထားများ တစ်ပါတည်း ယူဆောင်လာရမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အရှေ့ပိုင်းဒေသများ၌ ညအပူချိန်များလျော့နည်းနိုင်

နေပြည်တော် ဇန်နဝါရီ ၁၉

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိလျော့နည်းခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီးတွင် ဇန်နဝါရီလ၏ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ လွိုင်လင်မြို့တွင် ၈ ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့နှင့် ဟဲဟိုးမြို့တို့တွင် ၁ ဒီဂရီစင်တီဂရိတ်စီ၊ နမ့်စန်မြို့တွင် ၂ ဒီဂရီစင်တီဂရိတ်၊ လားရှိုးမြို့တွင် ၃ ဒီဂရီစင်တီဂရိတ်၊ ပြင်ဦးလွင်မြို့နှင့်မိုးကုတ်မြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီ တို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် ညအပူချိန်များလျော့နည်းနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန် အရှေ့ပိုင်းခရိုင် သဃ်ာန်းကျွန်းမြို့နယ် ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ဘက်စုံထူးချွန်ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၇ ရက်က အထက(၁)၌ကျင်းပရာ မြို့နယ်ဘက်စုံ မူလတန်းထူးချွန်ကျောင်းပထမဆုကို အရှေ့ပိုင်းခရိုင် ပညာရေးမှူး ဦးရိုန်းလိန်းအောင်က အမက(၈) ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမူအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၀၄၄)

ကျောက်တန်းမြို့ ကျောက်တန်းဘိုးဘွားရိပ်သာ နာမကျန်းဆောင်အတွက် ကျောက်တန်းမြို့ အလယ်ပိုင်းရပ်ကွက် မင်းကျောင်းလမ်းနေ ဆရာ ဦးချစ်ဆွေ-ဆရာမ ဒေါ်ကျင်ငွေမိသားစုက အလှူငွေကျပ် တစ်သိန်း လှူဒါန်းရာ ဘိုးဘွားရိပ်သာ ဥက္ကဋ္ဌ ဦးထွန်းလှရွှေ လက်ခံယူစဉ်။ (မြို့နယ် ပြန်/ဆက်)

အမှန်တကယ်ရထိုက်ခွင့်ရှိသူတွေ နစ်နာဆုံးရှုံးမှုမရှိစေဖို့ စနစ်တကျစီမံဆောင်ရွက်ပေးနေ

သတင်းဆောင်းပါး-မောင်မောင်မျိုး(ပဲခူး)

ကျွန်တော်တို့ သတင်းအဖွဲ့ဟာ နေပြည်တော် လယ်ဝေးမြို့နယ် ရှမ်းစုကျေးရွာအုပ်စု မီးသွေးဖိုကုန်းကျေးရွာမှာဖြစ်ပေါ်နေတဲ့ လယ်ယာမြေတွေအပေါ် တရားမဝင်ကျူးကျော်ဝင်ရောက်နေထိုင်မှုနဲ့ပတ်သက်ပြီး နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ လယ်ဝေးမြို့နယ် ဌာနဆိုင်ရာတွေနဲ့ ဒေသခံကျေးရွာရပ်မိရပ်ဖတွေကို ဇန်နဝါရီ ၁၈ ရက်က တွေ့ဆုံမေးမြန်းခဲ့ရာမှာ ၄င်းတို့ရဲ့ အသိအမြင်နှင့် အတွေ့အကြုံတွေကို အောက်ပါအတိုင်း ကြားသိခွင့် ရရှိခဲ့ကြပါတယ်။

ဦးအေးကိုကို (ဒုတိယဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန)

မီးသွေးဖိုကုန်းရွာဟာ လယ်ဝေးမြို့နယ် ရှမ်းစုကျေးရွာအုပ်စုမှာ တည်ရှိပါတယ်။ ၂၀၀၃ ခုနှစ် အိမ်ခြေစာရင်းအရ မီးသွေးဖိုကုန်းကျေးရွာမှာ အိမ်ခြေ ၁၇ လုံးသာရှိခဲ့ပါတယ်။ ၂၀၀၉ ခုနှစ် လယ်ယာမြေသန်းခေါင် စာရင်းအရလည်း အိမ်ထောင်စု ၂၀ သာ နေထိုင်ခဲ့ပါတယ်။ မီးသွေးဖိုကုန်းကျေးရွာနေရာဟာ စီမံကိန်းနယ်မြေနဲ့လွတ်ကင်းမှုမရှိတဲ့အတွက် ရွှေ့ပြောင်းပေးနိုင်ရေး ၂၀၁၁ ခုနှစ် အောက်တိုဘာလမှာ လယ်ဝေးမြို့နယ်အုပ်ချုပ်ရေးမှူးဦးစီးတဲ့ စာရင်းကောက်ယူစိစစ်ရေးအဖွဲ့နဲ့ ကွင်းဆင်းစစ်ဆေးတဲ့အခါမှာ အိမ်ခြေ ၁၃၃ လုံး၊ အိမ်ထောင်စု ၁၄၅စုအထိ တိုးပွားနေတာကို တွေ့ရှိရပါတယ်။

ဒက္ခိဏသီရိ မြို့သစ်တည်ဆောက်ရေး စီမံကိန်းဆောင်ရွက်တဲ့အခါမှာ စီမံကိန်းနယ်မြေနဲ့ မလွတ်ကင်းတဲ့ကျေးရွာတွေကို ရွှေ့ပြောင်းနေရာချထားတဲ့ လုပ်ငန်းဆောင်ရွက်ပေးခဲ့ပြီး နေထိုင်မှုအဆင်ပြေစေဖို့ နေပြည်တော်စည်ပင်သာယာရေးကော်မတီက အစားထိုးမြေကွက်များ ပြန်လည်ချထားပေးခဲ့ပါတယ်။ အစားထိုးချထားပေးတဲ့ မြေကွက်များဟာ နေပြည်တော်ရဲ့ဖွံ့ဖြိုးတိုးတက်မှုအရ သိန်းရာဂဏန်း တန်ဖိုးရှိပါတယ်။ ဒါကြောင့်လည်း အစားထိုး မြေကွက်ရရှိလိုတဲ့စိတ်နဲ့ နေပြည်တော် နယ်နိမိတ်အတွင်းရှိ မြို့နယ်တွေနဲ့ ပြင်ပဒေသကလူတွေက လယ်ယာမြေတွေကို စိတ်ပိုင်းဝယ်ယူပြီး ယာယီတဲများဆောက်လုပ်လာကြတဲ့အတွက် အခုလိုအချိန်တိုအတွင်းမှာ အိမ်ခြေတိုးပွားလာရတာ ဖြစ်ပါတယ်။

ထောက်ပံ့ပေး

၂၀၁၁ ခုနှစ် အောက်တိုဘာလမှာ စာရင်းကောက်ယူရရှိတဲ့ အိမ်ထောင်စု ၁၄၅ စုကို အဖွဲ့နဲ့ စိစစ်ပြီး ရသင့်ရထိုက်တဲ့ဒေသခံနဲ့ ဒေသခံထဲက အိုးခွဲအိမ်ခွဲနေထိုင်သူ စုစုပေါင်းအိမ်ထောင်စု ၄၉ စုကို ပေ(၆၀×၆၀) မြေကွက်တစ်ကွက်စီ ချထားပေးခဲ့ပါတယ်။ ရွှေ့ပြောင်းပေးရတဲ့ ဒေသခံများနစ်နာမှု မရှိစေဖို့ နေပြည်တော်စည်ပင်သာယာရေးကော်မတီကနေ အဆောက်အအုံလျော်ကြေး၊ ရွှေ့ပြောင်းစရိတ်တွေ ထောက်ပံ့ပေးလျော်တဲ့အပြင် ခြံဝင်းထဲရှိတဲ့ သီးပင်စားပင်ကအစ တန်ဖိုးတွက်ချက်ပေးလျော်ခဲ့ပါတယ်။ ရွှေ့ပြောင်းရာမှာလည်း နေပြည်တော်

"နေထိုင်မှု အဆင်ပြေစေဖို့ နေပြည်တော်စည်ပင်သာယာရေး ကော်မတီက အစားထိုးမြေကွက်များ ပြန်လည်ချထားပေးခဲ့ပါတယ်။"

ဦးအေးကိုကို (စည်ပင်)

စည်ပင်သာယာရေး ကော်မတီက ကားတွေနဲ့ သယ်ယူပို့ဆောင်ပေးခဲ့ပါတယ်။ နောက်ပိုင်းကျမှ လယ်ယာမြေတွေကို စိတ်ပိုင်းဝယ်ယူထားတာဖြစ်လို့ အစားထိုးမြေနေရာ ပြန်လည်ချထားပေးခြင်း မခံရသူတွေအတွက်လည်း မူလနေထိုင်ရာ ဒေသတွေဆီ ပြန်လည်ရွှေ့ပြောင်းနိုင်ရေးအတွက် ရွှေ့ပြောင်းစရိတ် နှစ်သိန်းစီ ထောက်ပံ့ပေးခဲ့ပါတယ်။

နေရာချထားပေး

နေပြည်တော်နယ်နိမိတ်အတွင်းမှာရှိတဲ့ကျေးရွာများအနီး လယ်ယာမြေတွေကို စိတ်ပိုင်းဝယ်ယူပြီး ယာယီတဲတည်ဆောက်ကာ စီမံကိန်းနယ်မြေနဲ့မလွတ်လို့ ရွှေ့ပြောင်းရရင် မြေကွက်အစားထိုးရဖို့ ရည်ရွယ်ချက်ထားလုပ်ဆောင်နေတဲ့သူတွေ များပြားနေတဲ့အတွက် စိစစ်ရေးအဖွဲ့က သေချာစိစစ်ပြီး ဒေသခံတွေကိုသာ ပြန်လည်နေရာချထားပေးလျက်ရှိပါတယ်။

ဦးအောင်လွင်(မြို့နယ်အုပ်ချုပ်ရေးမှူး)

နေပြည်တော်ဖွံ့ဖြိုးရေး စီမံကိန်းတွေအရ ကျေးရွာဖယ်ရှား၊ရွှေ့ပြောင်းရေးကိစ္စတွေ ဆောင်ရွက်ရာမှာ ပထမအဆင့် စာရင်းကောက်ယူတာ၊ ဒုတိယအဆင့် စိစစ်တာတွေကို အဆင့်လိုက် ဆောင်ရွက်ခဲ့ပါတယ်။

ပထမအဆင့်မှာ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူးတွေ၊ မြို့နယ်မြေစာရင်းဦးစီးဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့ ပါဝင်တဲ့အဖွဲ့နဲ့ စာရင်းကောက်ယူခဲ့တာ ဖြစ်ပါတယ်။

စိစစ်ဆောင်ရွက်

ဒုတိယအဆင့်မှာ ကောက်ယူပြီး စာရင်းဇယားတွေအပေါ် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်မြေစာရင်းဦးစီးမှူး၊ မြေယာဌာနကိုယ်စားလှယ်၊ ကျေးရွာအုပ်ချုပ်ရေးမှူးတို့ ပါဝင်တဲ့အဖွဲ့နဲ့ ၁၅-၁၀-၂၀၁၁ ရက်မှာ ပထမအကြိမ်စိစစ်ခဲ့ပါတယ်။ စိစစ်ရာမှာလည်း ကျေးရွာရာအိမ်မှူးတွေ၊ ရပ်မိရပ်ဖတွေကို သက်သေထားပြီး အိမ်ထောင်စုတစ်ခုချင်းရဲ့ အခြေအနေကို မျက်မြင်စိစစ်ခဲ့ပါတယ်။ ပထမအကြိမ်စိစစ်ပြီး စာရင်းတွေအပေါ် ၂၉-၁၂-၂၀၁၁ ရက်မှာ ဒုတိယအကြိမ် ထပ်မံစိစစ်ဆောင်ရွက်ခဲ့ပါတယ်။

ရပ်နီးရပ်ဝေးက လာရောက်ပြီး အစားထိုးမြေကွက်ရရှိလိုသူတွေဟာ မီးသွေးဖိုကုန်းရွာအပြင်ဘက်မှာရှိတဲ့ လယ်ယာတွေကို တရားမဝင် အရောင်းအဝယ်ပြုလုပ်ကြပြီး ယာယီတဲထိုးနေထိုင်ခဲ့ကြကြောင်း တွေ့ရှိရပါတယ်။ သူတို့ဟာ မြေကွက်အစားထိုးရရှိပြီး အမြတ်ရရှိဖို့ မျှော်လင့်ချက်နဲ့ ယာယီတဲတွေထိုးပြီး တချို့မှာ အိမ်အငှားထားတာ၊ တချို့မှာ လူမနေတာတွေကို တွေ့ရှိရပါတယ်။ ဒါကြောင့် အဲဒီအိမ်ထောင်စုတွေဟာ ဒေသခံအိမ်ထောင်စုတွေမဟုတ်တဲ့အတွက် မြေနေရာအစားမရရှိဘဲ အဆောက်အအုံ ပြောင်းရွှေ့စရိတ်ကိုသာ ရရှိခဲ့တာဖြစ်ပါတယ်။

ဦးနိုင်ဝင်း (လက်ထောက်ဦးစီးမှူး၊ မြို့နယ်မြေစာရင်းဦးစီးဌာန)

တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ရာမှာ မီးသွေးဖိုကုန်းကျေးရွာဟာ မလွတ်ကင်းတဲ့အတွက် အိမ်ခြေစာရင်း၊ အိမ်ထောင်စုစာရင်းကောက်ယူခဲ့တဲ့အခါမှာ ၁၄၅ စုအထိ တိုးလာပါတယ်။ တိုးလာတဲ့ အိမ်ထောင်စု၊ အိမ်ခြေစာရင်းတွေကို စိစစ်ရာမှာ မူလရွာနေ ၃၀၊ အိုးကွဲငါးဦး၊ ဒေသခံပြန်လာ ၁၄ ဦး ပေါင်း ၄၉ ဦးအား စိစစ်ရရှိခဲ့ပြီး စိစစ်ချက်အရ နစ်နာကြေး၊ ရွှေ့ပြောင်းစရိတ်နဲ့ မြေကွက်ပေးအပ်ခဲ့ပါတယ်။ ကျန်အိမ်ထောင်စုတွေကိုတော့ ရွှေ့ပြောင်းစရိတ် နှစ်သိန်းပေး၍ ဖယ်ရှားပေးရန် အသိပေးခဲ့ပါတယ်။

ဦးတင်ဝင်း(ရပ်မိရပ်ဖ)

ကျွန်တော်က မီးသွေးဖိုကုန်းကျေးရွာ ဇာတိချက်မြှုပ်ဖြစ်ပါတယ်။ အသက်ကတော့(၅၉)နှစ်ရှိပြီး မိသားစုကိုးယောက်ရှိပါတယ်။ ဒီနေရာမှာ စီမံကိန်းလုပ်ဖို့ရှိလို့ ကျွန်တော်တို့ကို ရွှေအင်ကြင်းရပ်ကွက်(၂)မှာ နေရာချထားပေးပါတယ်။ ပြီးခဲ့တဲ့ တစ်လလောက်ကပေါ့။ ပြောင်းရွှေ့တဲ့အခါမှာ နေပြည်တော်စည်ပင်သာယာက ကားနဲ့ပို့ဆောင်ပေးပြီး အဆောက်အအုံ လျော်ကြေးနဲ့ရွှေ့ပြောင်းစရိတ်အတွက် ခုနစ်သိန်း သုံးသောင်းထုတ်ပေးပါတယ်။ ဒါ့အပြင် နှစ်ရှည်သီးပင်စားပင်တွေစိုက်ထားတဲ့အတွက် လျော်ကြေးအဖြစ် သုံးသိန်းခြောက်သောင်းရပါတယ်။ အရင်တုန်းကတော့ ရွာမှာ အိမ်ခြေနည်းနည်းပဲရှိပါတယ်။ ပြီးခဲ့တဲ့ နှစ်နှစ်လောက်ကမှ တခြားရွာတွေဖြစ်တဲ့ သဲတော၊ ပိတောက်ကုန်း၊ ကျွဲတဲရွာတွေကသူတွေ လာဝယ်ပြီးနေကြတာတွေ့ရပါတယ်။ ဒီရွာဒေသခံမဟုတ်တဲ့ သူတွေကတော့ လက်ရှိမီးသွေးဖိုကုန်းကျေးရွာမှာ ရှိကြတုန်းပါပဲ။

ဦးတင်စိုး(ရာအိမ်မှူး)

ကျွန်တော်က မီးသွေးဖိုကုန်းကျေးရွာမှာ ရာအိမ်မှူးလုပ်ခဲ့တာပါ။ ၂၀၀၈-၂၀၀၉ ခုနှစ် လောက်က စည်ပင်သာယာနဲ့စာရင်းကောက်ခဲ့တာ

"စိစစ်ချက်အရ နစ်နာကြေး၊ ရွှေ့ပြောင်းစရိတ်နဲ့ မြေကွက်ပေးအပ်ခဲ့ပါတယ်။"

ဦးနိုင်ဝင်း(မြေစာရင်း)

ကျွန်တော်တို့ရွာမှာ အိမ်ခြေ ၁၇ လုံးလောက်ပဲရှိတယ်။ အဲဒီနောက်ပိုင်း ကျွန်တော်တို့ရွာမှာ မြေနေရာဝယ်ပြီးနေတဲ့သူတွေများလာပါတယ်။ တချို့ကလည်း တခြားနေရာမှာ တန်ဖိုးကြီးပြီး မနေနိုင်လို့ ဒီရွာမှာလာနေရတာလို့ပြောကြပါတယ်။ ကျွန်တော်လည်း ယာမြေတစ်ဧကလောက်ရောင်းခဲ့ပါတယ်။ ဒီနေရာကရွှေ့ရရင် မြေကွက်အစားထိုးရနိုင်/မရနိုင်တော့မသိဘူး၊ ဝယ်ချင်ရင်ဝယ်ဆိုပြီး ရောင်းခဲ့ပါတယ်။ ရွှေအင်ကြင်းရပ်ကွက်ဘက်က ဦးနိုင်လင်းနဲ့ ဦးအောင်ဝင်းတို့ဆီကို နှစ်သိန်းခွဲပတ်ဝန်းကျင်လောက်နဲ့ ရောင်းခဲ့ပါတယ်။ ယာမြေမှာ အိမ်ဆောက်ပြီးနေလို့မရဘူးဆိုတာ မသိပါဘူး။ မြေချင်းဆက်စပ်နေတော့ နေလို့ရတယ်လို့ပဲ ယူဆခဲ့ပါတယ်။ အဲဒီဝယ်တဲ့သူတွေလည်း သုံးပင်နှစ်ခန်း ယာယီအိမ်တွေကို မျှော်တိုင်၊ ဝါးကြမ်းခင်း၊ သက်ငယ်မိုးနဲ့ ဆောက်ပြီးနေကြတယ်။ တခြားလူတွေဆီမှာလည်း အောင်လံ၊ တောင်ငူနဲ့ လယ်ဝေးမြို့နယ် ကျွဲတဲဘက်ကလည်း လာဝယ်ကြတယ်လို့ သိရပါတယ်။ ကျွန်တော်တို့ဒေသခံတွေကို မြေကွက်မရွှေ့ပြောင်းပေးခင် ရပ်ကွက်၊ ကျေးရွာ အခြေခံမြေယာ စိစစ်ရေးအဖွဲ့နဲ့ စိစစ်ခဲ့ပါတယ်။ အဲဒီအဖွဲ့မှာ ကျွန်တော်တို့ ရပ်မိရပ်ဖ ၁၀ ဦးလည်း ပါဝင်ပါတယ်။ ဒေသခံမဟုတ်ဘဲ နောက်မှ ဝင်လာတဲ့ သူတွေကို တစ်ဦးချင်း မှတ်တမ်းထားရှိပြီး မြေကွက်နေရာ ရွှေ့ပြောင်းပေးရင် အကျုံးမဝင်ကြောင်းကိုလည်း အသိပေးခဲ့ပါတယ်။ ရွှေ့ပြောင်းရမယ် ကြားကတည်းက ဒေသခံတွေကလွဲလို့ ကျန်တဲ့သူတွေ အခွင့်အရေးမရနိုင်ဘူးလို့ပြောခဲ့တာပေါ့။ ကျွန်တော့်အိမ်အတွက် လျော်ကြေးနဲ့ ရွှေ့ပြောင်းစရိတ် ၂၁ သိန်းကိုးသောင်းရပြီး နှစ်ရှည်သီးပင်စားပင် လျော်ကြေးအတွက် လေးသိန်းရပါတယ်။ အိမ်ရွှေ့တာကတော့ နေပြည်တော်စည်ပင်ကကားနဲ့ သုံးခေါက်သယ်ရပါတယ်။ ရွှေအင်ကြင်းရပ်ကွက်မှာတော့ အခုအိမ်ဆောက်နေဆဲပါပဲ။

ဦးစိုးမြင့် (ရပ်မိရပ်ဖ)

ကျွန်တော့်မှာ မိသားစုခြောက်ဦးရှိပါတယ်။ အသက်ကတော့ ၄၉ နှစ်ရှိပါပြီ။ လွန်ခဲ့တဲ့ ကိုးနှစ်လောက်က ဦးဝင်းစိန်ဆီက ပြန်ဝယ်ပြီးနေခဲ့တာပါ။ အရင်ကတော့ အိမ်ခြေ ၁၈ လုံးပဲရှိပါတယ်။ အခုတော့ အိမ်ခြေ ၁၄၃ လုံးလောက် ရှိပါတယ်။၂၀၀၈-၂၀၀၉ လောက်မှာ ဒေါ်ဝင်းကြည်နဲ့သက်ဝေအောင်တို့က လာဝယ်လို့ ကျွန်တော်လည်း ယာမြေကို ဖဲ့ပြီး ပေ (၁၁၀×၉၀) ကို ကိုးသိန်းနဲ့ ရောင်းခဲ့ပါတယ်။ စာချုပ်ကတော့ အရပ်စာချုပ်ပေါ့။ သက်သေအနေနဲ့ ရာအိမ်မှူးက လက်မှတ်ထိုးပါတယ်။ သူတို့ နှစ်ယောက်ကလည်း မြေကိုထပ် စိတ်ပြီး နောက်ထပ်လေးဦးကို ပြန်ရောင်းထားပါတယ်။ ဒေါ်ဝင်းကြည်နဲ့ သက်ဝေအောင်တို့အိမ်မှာတော့ အစောင့်ပဲလာနေပြီး ထပ်ဝယ်ထားတဲ့လေးဦးကတော့ လူကို လာမနေပါဘူး။ ကျွန်တော်လည်း ယာမြေထဲမှာ အိမ်ဆောက်နေလို့ မရဘူးဆိုတာမသိပါဘူး။ ဒါပေမယ့် ဝယ်တဲ့သူတွေကတော့ အမြော်အမြင်နဲ့ ဝယ်ကြတာပေါ့။ စည်ပင်က လမ်းဖောက်ဖို့မြေထိုးမှပဲ ရွာကနေဖယ်ပေးရမယ်ဆိုတာ ကျွန်တော်သိပါတယ်။ အိမ်လျော်ကြေးနဲ့ ရွှေ့ပြောင်းစရိတ်အတွက် ခုနစ်သိန်း (တစ်ထောင်လျှော့)ရပါတယ်။ နှစ်ရှည် သီးပင်စားပင်မစိုက်ထားတော့ အဲဒီအတွက်တော့ လျော်ကြေးမရပါဘူး။ တချို့လည်း လူပျို၊ အပျိုတွေအတွက် မြေကွက်တောင်းတယ်လို့ ကြားပါတယ်။ လူပျို၊ အပျိုဆိုတာ မိဘလက်ကမှ မလွတ်သေးတာ ဘယ်ရမလဲဗျာ။ တချို့က အခြားရွာကနေ ရွှေအင်ကြင်းရပ်ကွက်မှာ နေရာချထားပေးတာတောင်မှ အဲဒီမြေကွက်ကို ရောင်းပြီး ဒီရွာမှာ မြေလာဝယ်ပြီး နေကြတယ်။

ကျွန်တော်တို့အဖွဲ့ဟာ မီးသွေးဖိုကုန်းကျေးရွာမှာ ၂၀၀၈ ခုနှစ် နောက်ပိုင်းမှ မြေဝယ်ပြီး နေထိုင်နေတဲ့ ရွာသားနှစ်ဦးနဲ့လည်း တွေ့ဆုံခဲ့ကြပါသေးတယ်။ သူတို့နှစ်ဦးကလည်း အခုလိုပြောပြခဲ့ကြပါတယ်။

ဝယ်ယူနေထိုင်သူတစ်ဦး

ကျွန်တော်ကတော့ လယ်ဝေးဘက်က ဇာတိပါပဲ။ ကျပန်းအလုပ်လုပ်ကိုင်ပါတယ်။ လွန်ခဲ့တဲ့သုံးနှစ်လောက်က ကရင်ရွာကနေဖယ်ရှားပေးခဲ့ရပြီး ရွှေအင်ကြင်းရပ်ကွက်မှာ အစားထိုးမြေကွက် ရရှိခဲ့ပါတယ်။ သားကလည်း ကျန်းမာရေးမကောင်းတာနဲ့ ဆေးကုသနိုင်ဖို့နဲ့ မြေနေရာလေး ဝယ်ယူနေထိုင်နိုင်ဖို့အတွက် ရှိတဲ့ငွေလေးနဲ့ ရတဲ့နေရာလေးဝယ်မယ်ဆိုပြီး ဒီမီးသွေးဖိုကုန်းကျေးရွာမှာ ဈေးချိုလို့ ဝယ်ခဲ့ပါတယ်။ ၂၀၀၉ ခုနှစ်မှာ ဦးတင်ငွေဆီက ပေ(၆၀× ၄၀)ကို နှစ်သိန်းရှစ်သောင်းနဲ့ ဝယ်ခဲ့တာပါ။ စာချုပ်လည်း မလုပ်ပါဘူး။ ဒီအတိုင်းအလွတ်ပဲ ဝယ်ထားတာပါ။ ဘာအထောက်အထားမှလည်းမရှိပါဘူး။ နေပြည်တော်စည်ပင်က ကိုယ့်နေရပ်ကို ပြန်ဖို့ပြောထားပြီး ရွှေ့ပြောင်းစရိတ် နှစ်သိန်းပေးမယ်လို့လည်း ပြောပါတယ်။

ဝယ်ယူနေထိုင်သူတစ်ဦး

ကျွန်တော်ကတော့ လယ်ဝေးဘက်ကပါ။၂၀၀၈ ခုနှစ်မှာ ဦးတင်စိုး (ရာအိမ်မှူး)ဆီကဝယ်ခဲ့ပြီး ၂၀၀၉ ခုနှစ်မှာ စတင်နေထိုင်ခဲ့ပါတယ်။ ယာမြေ ပေ(၅၀×၅၀)ကို တစ်သိန်း သုံးသောင်းငါးထောင်နဲ့ ဝယ်ခဲ့ပါတယ်။ ကြာလာတော့ ပတ်ဝန်းကျင်နဲ့ အဆင်မပြေတော့ဘူး။ အိမ်ခြေတွေ တိုးလာလို့လေ။ အောင်လံဘက်က လာဝယ်တဲ့သူတွေလည်း ရှိတယ်။ ဒါကြောင့် ပေ(၄၀×၁၂၀) ကို နှစ်သိန်းပေးပြီး ဦးသိန်းရွှေဆီက ထပ်ဝယ်ခဲ့ပါတယ်။ ကျွန်တော် ဒီရွာကိုရောက်ခါစက အိမ်ခြေ ၄၁ လုံးလောက်ပဲရှိပါတယ်။ ဒီရွာကို ပြောင်းရွှေ့ခနဲ့ အိမ်ဆောက်ခက ရှစ်သိန်းကျော်လောက်ကုန်ခဲ့ပါတယ်။ ကျွန်တော်တို့ နောက်မှာတော့ အမြို့မြို့အနယ်နယ်က မြေတွေလာဝယ်ကြတာပါပဲ။ တချို့ဆိုရင် သုံးအိမ်စာလောက် ဝယ်ကြတယ်။ တကယ်တော့ ကျွန်တော့်မှာမိသားစုအခက်အခဲ ရှိပါတယ်။ ဒါကြောင့် ဒီအခက်အခဲတွေကို ဖြေရှင်းနိုင်ဖို့အတွက် မျှော်မှန်းပြီး ဒီရွာရွှေ့ပြောင်းရေးလုပ်ရင် မြေနေရာတစ်ကွက်လောက်တော့ ရနိုင်တယ်၊ ရလို့ပြန်ရောင်းရင် အကျိုးအမြတ်ရှိမယ်လို့ယူဆပြီး ဝယ်ခဲ့တာပါ။ အခုဒေသခံ အစစ်အမှန်တွေကို မြေကွက်အစားထိုးပေးပြီး ပြောင်းရွှေ့ပေးလိုက်တော့ အိမ်ခြေ ၉၀ ကျော်လောက် ကျန်ရှိပါတယ်။ အဲဒီအထဲမှာ အမှန်တကယ် ကိုယ်တိုင်နေထိုင်ကြတာ ဆိုလို့ အိမ်ခြေငါးလုံးလောက်ပဲရှိပါတယ်။ ကျန်တာတွေကတော့ အစောင့်ပဲရှိတာ၊ တချို့ဆို လူကို မရှိပါဘူး။

တကယ်တော့ လက်ရှိ မီးသွေးဖိုကုန်းကျေးရွာမှာ ကျန်ရှိနေတဲ့ သူတွေဟာ အောင်လံ၊ တောင်တွင်းကြီး၊ တောင်ငူ၊ ရန်ကုန်စတဲ့ ရပ်ဝေးဒေသတွေနဲ့ ဒီအနီးအနားက သဲတော၊ ပိတောက်ကုန်း၊ ကျွဲတဲ၊ သာယာကုန်း၊ ရွှေဂုံအင်းစတဲ့ နေရာတွေက လာရောက်ပြီး လယ်ယာမြေတွေကို ကျပ်နှစ်သိန်းဝန်းကျင်လောက်နဲ့ တရားမဝင် စိတ်ပိုင်းဝယ်ယူကာ ယာယီတဲတွေနဲ့ လာရောက်နေထိုင်သူတွေ ဖြစ်ပါတယ်။

၁၉၅၃ ခုနှစ် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေမှာတော့ အဲဒီဥပဒေတွေနဲ့ မညီညွတ်ရင် လယ်ယာမြေတွေကို ပေါင်နှံတာ၊ ရောင်းချတာ၊ လွှဲပြောင်းတာ၊ ခွဲစိတ်တာ မပြုလုပ်ရဘူးလို့ ပြဋ္ဌာန်းဖော်ပြထားတာ တွေ့ရပါတယ်။

ဒါကြောင့် ဥပဒေကြောင်းအရနဲ့ အမှန်တကယ်ရထိုက်ခွင့်ရှိသူတွေ နစ်နာဆုံးရှုံးမှုမရှိစေဖို့အတွက် နေပြည်တော်ကောင်စီအပါအဝင် တာဝန်ရှိသူတွေက စနစ်တကျ စီမံဆောင်ရွက်ပေးနေတယ်ဆိုတာကို ကြားသိခဲ့ရပါတယ်။

"ကျွန်တော်က မီးသွေးဖိုကုန်းကျေးရွာ ဇာတိချက်မြှုပ်ဖြစ်ပါတယ်။ ဒီနေရာမှာ စီမံကိန်းလုပ်ဖို့ရှိလို့ ကျွန်တော်တို့ကို ရွှေအင်ကြင်း ရပ်ကွက်(၂)မှာ နေရာချထားပေးပါတယ်။"

ဦးတင်ဝင်း (ရပ်မိရပ်ဖ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀-၁-၂၀၁၂ (သောကြာနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+အာဋ္ဌာနာဋိယသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၄၀ **ဝိနောပမ္မသုတ် အနှစ်ချုပ်** တရားတော် (အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ နန္ဒမာလာဘိဝံသ)
- ၆:၃၀ မေ္ဘစကြာတရားဦးဟောရာ မိဂဒါဝုန်မှာ သံဝေဂရယူပါ
- ၆:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၉၂)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညှင်းရာ** (အပိုင်း-၄၅)
- ၈:၄၅ The Shop Around the Corner (Part-4)
- ၈:၅၅ Life & Dance 10th Anniversary Dance Concert (Part-4)
- ၉:၄၀ ဦးထိပ်ပန်ဆင် ဆရာသခင် ဂုဏပူဇာမင်္ဂလာသဘင် စီးပွားရေးတက္ကသိုလ် (၁၉၆၇-၇၁/၇၂) ကျောင်းသားကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲ
- ၉:၅၅ Activities in the City (နတ်မောက်ဘုန်းတော်ကြီးသင် ပညာရေးအလယ်တန်းကျောင်း ဆောင်သစ်ဖွင့်ပွဲအခမ်းအနား)
- ၁၀:၁၀ အလက(၃)မြောက်ဥက္ကလာပရဲ့ အာစရိယပူဇော်ပွဲ
- ၁၀:၂၅ ဇာတိမြေအလှူ
- ၁၀:၄၀ ဟိန်းထက်မိုး၏ သာသနာ့အမွေ… မန္တလာမြေမှာ… သာစုဝေ
- ၁၁:၀၀ New Star Gems & Jewellery Show (Part-2)
- ၁၁:၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မိုးကျရွှေကိုယ်** (အပိုင်း-၃၀)
- ၁၂:၂၅ မန္တလေးမြို့ ရွှေနေကြီးများမိသားစု မဟာဘုံကထိန်တော်
- ၁၂:၃၅ ရောဝတီ၏အလှသစ်
- ၁:၀၀ **ဝိနောပမ္မသုတ် အနှစ်ချုပ်** တရားတော် (အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ နန္ဒမာလာဘိဝံသ)
- ၁:၅၀ ကြည်ညိုပူဇော် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တော်
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ မြန်မာ့သစ်လုပ်ငန်း၏ သက်ကြီးဆရာများ ပူဇော်ကန်တော့ပွဲ
- ၂:၄၀ သန့်ရှင်းလတ်ဆတ်အရသာမှန်
- ၃:၀၀ MRTV-4ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၉၂)
- ၄:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညှင်းရာ** (အပိုင်း-၄၅)
- ၄:၅၀ ဒုံးယိမ်းအကနှင့်နွဲပျော်ပုသိမ်မြို့ရဲ့ ကရင်နှစ်သစ်ကူးပွဲတော်
- ၅:၁၀ Fashion Week (ရွှေကံ့ကော်ပိုးထည်တိုက်) (အပိုင်း-၂)
- ၅:၂၅ MRTV -4ရုပ်သံဇာတ်လမ်းတွဲ **မိုးကျရွှေကိုယ်** (အပိုင်း-၃၀)
- ၆:၀၀ MRTV -4 သတင်း
- ၆:၁၅ MRTV-4ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၉၃)
- ၇:၁၅ New Star Gems & Jewellery Show (Part-3)
- ၈:၀၀ MRTV -4 သတင်း
- ၈:၃၀ Style ရှိမှ Star ဖြစ်မယ်
- ၉:၂၀ The Shop Around the Corner (Part-5)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညှင်းရာ** (အပိုင်း-၄၆)
- ၁၀:၂၀ Movie Talk ရုပ်ရှင်ထူးချွန်ဆုသမိုင်း ဒါရိုက်တာ-ကြည်စိုးထွန်း (အပိုင်း-၅)
- ၁၀:၄၀ MRTV -4ရုပ်သံဇာတ်လမ်းတွဲ **မိုးကျရွှေကိုယ်** (အပိုင်း-၃၁)
- ၁၁:၁၀ အနုပညာမိုးကောင်းကင်
- ၁၁:၃၀ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ
- ၁၂:၀၀ Intellectual Talk (လက်ရှိမြန်မာနိုင်ငံရာသီဥတုပြောင်းလဲခြင်းနှင့် ၂၀၁၂ ခုနှစ်အတွက် ရာသီဥတုအလားအလာ) (ဒေါက်တာထွန်းလွင်၊ မျိုးမြတ်သူ)
- ၁၂:၄၀ လက်ဝယ်ရှိသော
- ၁၂:၅၅ World of Knowledge (Mega Structure ICE HOTEL)
- ၁:၄၀ ဘေးမဲ့တောလေးတည်တံ့ဖို့ ဝိုင်းဝန်းထိန်းသိမ်းစို့
- ၁:၅၀ ပါရမီတက္ကစီစွမ်းဆောင်အား ပြည်သူများအတွက်အလေးထား
- ၂:၁၀ **ဘယ်သူ့အတွက်လဲ** ဝေဠုကျော်၊ ဆုပန်ထွာနှင့် သရုပ်ဆောင်များ (ဒါရိုက်တာ-ဇမ္ဗူထွန်းသက်လွင်)
- ၂:၄၀ စွဲမက်ဖွယ်ရာရတနာ (လင်းလက်တောက်ပ ဂေါ်မိတ်အလှ)
- ၃:၀၅ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၄:၀၅ ဒို့တိုင်းဌာနီရောဝတီ (မြန်မာ့စပါးကျီ (သို့မဟုတ်) ရောဝတီ)
- ၄:၂၀ မန္တလာမြေမှရွှေမင်းသမီး
- ၄:၃၀ စိုက်ပျိုးဖို့လွယ်ကူစေတာ ကောက်ရိုးမှိုပါ
- ၄:၄၀ ဆီအုန်းစိုက်ပျိုးထုတ်လုပ်ခြင်း
- ၄:၅၀ မြင်သုံးမြင်မှ ထူးခြားရှေးဟောင်းလက်ရာပစ္စည်းများ
- ၅:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အမြို့မြို့အနယ်နယ်သတင်းများ

မင်္ဂလာတောင်ညွန့်မြို့နယ် ကူးတို့ဆိပ်ရပ်ကွက် မီးလောင်မှုတွင် ရှုပ်ရှုပ်ချုံချုံ စွန့်စားမီးငြိမ်းသတ်ရင်း ကွယ်လွန်သွားသော မီးသတ်တပ်ဖွဲ့ဝင် ငါးဦးအား တစ်ဦးလျှင် ငွေကျပ် တစ်သိန်းစီ၊ ဒဏ်ရာရတပ်ဖွဲ့ဝင်များအား ငွေကျပ်ငါးသောင်းစီ စုစုပေါင်းငွေကျပ် ၂၃၅၀၀၀၀ ကို မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ဈေးကြီး ဈေးသာယာရေးအဖွဲ့က ဇန်နဝါရီ ၃ ရက်တွင် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးထံ ပေးအပ်လှူဒါန်းစဉ်။ (မြန်မာ့အလင်း)

အောင်လံ၌ ရေကာတာတည်ဆောက်

အောင်လံ ဇန်နဝါရီ ၁၉

အောင်လံမြို့ သရက်တောရပ်ကွက် မြကျွန်းသာ (ကမ်းနား)လမ်းတွင် ဇန်နဝါရီ ၄ ရက်က ရပ်ကွက်ပြည်သူများ ရေကာတာ စုပေါင်းတည်ဆောက်ခဲ့ကြသည်။ **(ယာပုံ)**

နှစ်စဉ်ရေတိုက်စားမှုဖြင့် ပြိုကျပျက်စီးနေသော လမ်းကြောင့် အိုးအိမ်များ ပြိုကျပျက်စီးမည့်အန္တရာယ်ရှိနေရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ငွေကျပ် ၂၅ သိန်း၊ ပြည်သူများက ထည့်ဝင်ငွေကျပ် ရှစ်သိန်းတို့ဖြင့် တည်ဆောက်ခြင်းဖြစ်သည်။ ထိုသို့တည်ဆောက်ရာတွင် ရပ်ကွက်နေပြည်သူများ စုပေါင်း၍ မြောင်းဖော်ခြင်း၊ သဲကျောက်သယ်ဖို့ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

အခမဲ့ကျန်းမာရေးစောင့်ရှောက်မှု ဆေးကုသခန်း မိတ္ထီလာမြို့ ဝန်ဇင်းရပ်ကွက်၌ ဖွင့်ပွဲအခမ်းအနားကျင်းပ

မိတ္ထီလာ ဇန်နဝါရီ ၁၉

မိတ္ထီလာမြို့ ဝန်ဇင်းရပ်ကွက် ပထမကျော်ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် မေတ္တာရေကြည်အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှု ဆေးကုသခန်း ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၄ ရက် နံနက်က ကျင်းပသည်။ **(အပေါ်ဝဲပုံ)**

အခမ်းအနားတွင် ဓမ္မာစရိယ၊ ဝိနယဝိဒူ ပထမကျော် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတာဝန်ခံ ဆရာတော် ဦးဇနိတက ဆေးခန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မိတ္ထီလာဆေးရုံအုပ်ကြီး ဒေါက်တာဝင်းထိန်နှင့် မေတ္တာရေကြည်အခမဲ့ ကျန်းမာရေးဆေးခန်းဥက္ကဋ္ဌ ဦးကျော်စိုးထွန်းတို့က ဆေးခန်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

လှူဒါန်း

ထို့နောက် မေတ္တာရေကြည်အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုဆေးကုသခန်းကို မိတ္ထီလာမြို့နယ် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းဝင်း၊ မိတ္ထီလာဆေးရုံအုပ်ကြီး ဒေါက်တာဝင်းထိန်နှင့် မေတ္တာရေကြည်အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုဆေးကုသခန်းဥက္ကဋ္ဌ ဦးကျော်စိုးထွန်းတို့က ဆေးခန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ဆက်လက်၍ ဆေးခန်းအတွက် အလှူရှင်များက အလှူငွေနှင့် ဆေးပဒေသာပင် တန်ဖိုး ငွေကျပ် သိန်း ၅၀ ကျော် လှူဒါန်းကြသည်။

မေတ္တာရေကြည် အခမဲ့ဆေးကုသခန်းသို့ လူမျိုးမရွေး၊ ဘာသာမရွေး၊ ကလေး၊ လူကြီး၊ ကျားမ မရွေး လွတ်လပ်စွာ လာရောက်ဆေးကုသခံယူနိုင်ကာ လောလောဆယ် ဆေးခန်းကို နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဖွင့်လှစ်ထားပြီး ဆေးပဒေသာပင်စိုက်ထူလိုသော ကုသိုလ်ရှင်များ ဖုန်း-၀၆၄-၂၅၃၇၂ သို့ ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(၀၁၂)

လွတ်လပ်ရေးနေ့အခမ်းအနား မိုင်းဆတ်၌ကျင်းပ

မိုင်းဆတ် ဇန်နဝါရီ ၁၉

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ရှမ်းပြည်နယ် မိုင်းဆတ်ခရိုင် မိုင်းဆတ်မြို့နယ်တွင် ဇန်နဝါရီ ၄ ရက် နံနက် ၇ နာရီက ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန သီရိရတနာခန်းမ၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေးက ဖတ်ကြားသည်။

ထို့နောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရကျောင်းသား ကျောင်းသူများအား ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

လွတ်လပ်ရေးနေ့အခမ်းအနား ပွင့်ဖြူမြို့၌ကျင်းပ

ပွင့်ဖြူ ဇန်နဝါရီ ၁၉

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ပွင့်ဖြူမြို့ ပွင့်မာလာပန်းဥယျာဉ်ပန်းခြံ၌ ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ ကကျင်းပခဲ့ရာ အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော ၂၀၁၂ ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို ပွင့်ဖြူမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ဦးဆွေက ဖတ်ကြား၍ လွတ်လပ်ရေးနေ့အထိမ်းအမှတ်အားကစားပြိုင်ပွဲတွင် ပြေးခုန်ပစ်နှင့် မီနီမာရသွန် အပြေးပြိုင်ပွဲများ၌ ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

လွတ်လပ်ရေးနေ့အခမ်းအနား ပင်းတယ၌ကျင်းပ

ပင်းတယ ဇန်နဝါရီ ၁၉

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ မြို့မအားကစားကွင်း၌ ကျင်းပရာ နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှပေးပို့သော လွတ်လပ်ရေးနေ့သဝဏ်လွှာကို ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌက ဖတ်ကြားခဲ့ကြောင်းသိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

မှုခင်းကျဆင်းရေး အသိပညာပေးဟောပြော

ကျောက်တံခါး ဇန်နဝါရီ ၁၉

မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲအခမ်းအနားကို ကျောက်တံခါးမြို့နယ် ရင်းတိုက်ကုန်းကျေးရွာအုပ်စု ညောင်ပင်သာကျေးရွာ၌ ဇန်နဝါရီ ၉ ရက်က ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး သိန်းဝင်းက ကျေးရွာရှိပြည်သူများအား အသိပညာပေးဟောပြောခဲ့ကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

စည်းကမ်းမဲ့ လမ်းကူးသူများကိုလည်း အရေးယူပါ စည်းကမ်းတကျလမ်းကူးသူများကိုလည်း ကူညီပါ

သတင်းနှင့်ဓာတ်ပုံ မှတ်တမ်း
တင်ဝင်းလေး(ကြည့်မြင်တိုင်)

လွန်ခဲ့သော နှစ် ၂၀ ကျော်ကတည်းက ရန်ကုန်မြို့ကြီးတွင် သတ်မှတ်လူကူးမျဉ်းကျား သို့မဟုတ် မီးပွိုင့်ဧရိယာမျဉ်းဝါအတွင်းမှ လမ်းမကူးသူ တစ်နည်းဆိုရသော် စည်းကမ်းမဲ့လမ်းဖြတ်ကူးသူများကို သက်ဆိုင်ရာစည်းကမ်းထိန်းသိမ်းရေးအဖွဲ့က ရိုန်းဂျားကားအစိမ်းကြီးအပေါ် ဖမ်းဆီးခေါ်ဆောင်ပြီး နီးစပ်ရာရဲစခန်း သို့မဟုတ် သတ်မှတ်နေရာတစ်ခုခုမှာ စစ်ဆေးအရေးယူဒဏ်ငွေများ ပေးဆောင်စေခြင်းဖြင့် ခရီးသွားများယာဉ်အန္တရာယ်ကင်းဝေးစေဖို့ ဆောင်ရွက်ပေးခဲ့တာကို ယနေ့တိုင်မှတ်မိနေဆဲပါ။

သို့သော် ဤသို့ဆောင်ရွက်ပေးမှုကလည်း ဆောင်ရွက်ပေးလိုက်၊ အကြောင်းအမျိုးမျိုးကြောင့် ပျက်သွားလိုက်နှင့် ဖြစ်ပျက်ဖြစ်ပျက် သံသရာလည်နေခဲ့ရာက သိသိသာသာထင်ထင်ရှားရှား လုံးဝရပ်ဆိုင်းသွားတာက ၂၀၀၇ ခုနှစ်ကပါ။ လိုက်ဖမ်းသူနှင့် ထွက်ပြေးသူတို့ ယာဉ်များအကြား ပြေးပြေးလွှားလွှားဖြစ်ပွားခဲ့ပြီး ယာဉ်မတော်တဆဖြစ်ပွားခဲ့မှုကြောင့် လုံးဝရပ်ဆိုင်းသွားခဲ့သည်။

ယခုနှစ် နှစ်ဦးဇန်နဝါရီ ၁ ရက်ကစပြီး စည်းကမ်းမဲ့လမ်းဖြတ်ကူးသူများကို ဖမ်းဆီးအရေးယူလျက်ရှိသည်။ ပြစ်ဒဏ်အနေဖြင့် ဒဏ်ငွေကျပ် ၂၀၀၀ ရိုက်ပြီး လူကူးမျဉ်းကျားများ၌ လမ်းကူးသူအား ဦးစားမပေးဘဲ အရှိန်ပြင်းစွာမောင်းနှင်သောယာဉ်ကို ဒဏ်ငွေကျပ် ၂၁၅၀၀ ရိုက်လျက်ရှိကြောင်း ကြားသိရသည်။

၁၆ လမ်းထိပ်ရှိ နံနက်မှ ညအထိ လိုင်းကားများအား အချိန်သတ်မှတ်ပြောပေးနေသည့် လူငယ်တစ်ဦးက "ဒီလိုစည်းကမ်းမဲ့လမ်းကူးတဲ့သူတွေကို ဖမ်းတဲ့ကားက ဒီနေရာကနေ တစ်နေ့နှစ်ခေါက်လောက်တော့ဖြတ်တယ်။ ကားပေါ်မှာလည်း ယာဉ်ထိန်းရဲအရာရှိတစ်ဦးနဲ့ ယာဉ်ထိန်းရဲဘော်၊ ရဲမေလေးငါးယောက်တော့ပါတယ် "လို့ ဆိုသည်။

စည်းကမ်းမဲ့သူတို့အား သက်ဆိုင်ရာအဖွဲ့အစည်းက အရေးယူခြင်းမှာ အလွန်မှပင်ကောင်းသော ဆောင်ရွက်ချက်ဖြစ်သည်။ စည်းကမ်းမဲ့လမ်းဖြတ်ကူးသူတို့အတွက် ယာဉ်တိုက်မှုအန္တရာယ်မှ ကင်းဝေးစေရေး သင်ခန်းစာယူ၍ နောင်သတိထားဆင်ခြင်နိုင်ရန်အတွက် ဖြစ်သည်။

စီမံချက်တစ်ရပ်ချမှတ်၍ ဆောင်ရွက်မည်ဆိုပါလျှင် ထိုစီမံချက်နှင့်ဆက်နွှယ်ရာကိစ္စရပ်များကို သတိပြုရပါလိမ့်မည်။ ခရီးသွားများ စည်းကမ်းတကျ လမ်းဖြတ်ကူးနိုင်ရေးအတွက် ဆေးရောင်မှိန်နေသော အချို့ မျဉ်းကျား၊ မျဉ်းဝါ မျဉ်းလိုင်းများအား ထင်ထင်ရှားရှား ပြန်လည်ရေးဆွဲ ပေးဖို့လိုပါမည်။ စီမံချက်အား ဘယ်နေ့ဘယ်ရက်က စမည်ဖြစ်ကြောင်း မြန်မာ့အသံ၊ TV၊ နိုင်ငံပိုင် သတင်းစာများက တစ်ဆင့် ပြည်သူများအား ကြိုတင်အသိပေးဖို့လိုပါသည်။

မျဉ်းကျားပေါ် အပြေးအလွှား လမ်းဖြတ်ကူးနေသူများအား ဤသို့တွေ့ရသည်။

အဓိကအချက်ကို ထပ်မံ၍ဆိုပါမည်။ ခရီးသွားအများစုအနေဖြင့် လူကူးမျဉ်းကျားမှ စည်းကမ်းတကျ လမ်းဖြတ်ကူးနေကြသော်လည်း အချို့အချို့သောယာဉ်များ အထူးသဖြင့် အလုအယက် သူ့ထက်ငါ အပြိုင်မောင်းနှင်နေသော လိုင်းကားများက လုံးဝရပ်မပေးချင်ကြပါ။ အရှိန်ဖြင့် စက်သံမြှင့်၍ မောင်းဝင်ဟန်ပြုပြီး လမ်းဖြတ်ကူးသူအား ခြောက်ထုတ်ကြသည်။ သည်အခါ လမ်းကူးသူနှင့် ယာဉ်တို့ ရှုပ်ရှုပ်ထွေးထွေးဖြစ်သွားသည်။ ခရီးသွားများက မျဉ်းကျားပေါ်တွင်ပင် ပြေးပြေးလွှားလွှားဖြတ်သန်းကြရတော့သည်။ ယင်းမြင်ကွင်းကို မြင်တွေ့နေရဆဲဖြစ်သည်။ အထူးသဖြင့် မဟာဗန္ဓုလလမ်းမကြီးပေါ်၌ဆိုပါမူ ကုန်ဈေးတန်းမှတ်တိုင်အနီး၊ ပန်းဆိုးတန်းမှတ်တိုင်အနီး အနော်ရထာလမ်းမကြီးအပေါ်၌မူ မဟာဗန္ဓုလပန်းခြံထောင့်နှင့် ကုန်ဈေးတန်းမှတ်တိုင်အနီးတို့ရှိ လူကူးမျဉ်းကျားများ၌ အများဆုံးဖြစ်နေကြသည်။

ခရီးသွားများအား ကူညီစောင့်ရှောက်ပေးမည့် ယာဉ်ထိန်းရဲဘော်၊ ရဲမေတစ်ဦးတစ်ယောက်မျှ မမြင်မိ၊ ခရီးသွားများအနေဖြင့် လူကူးမျဉ်းကျားမှပင်ဖြစ်လင့်ကစား မိမိအသိဖြင့် "ရပ်၊ ကြည့်၊ သွား၊ ပြေး" ဖြစ်နေကြရသည်။

ဤကဲ့သို့ လူအကူးများသော မျဉ်းကျားနေရာများ၌ ယာဉ်ထိန်းရဲတစ်ဦးဦးထားရှိပြီး စည်းကမ်းတကျ လမ်းဖြတ်ကူးကြသူများအား ယာဉ်အန္တရာယ်မှကင်းဝေးစေပြီး စိတ်ချမ်းမြေ့စွာ ဖြတ်သန်းနိုင်ရေးအတွက် အကူအညီပေးစေချင်ပါသည်။

"စည်းကမ်းမဲ့ လမ်းဖြတ်ကူးသူများကိုလည်း အရေးယူပါ"၊ "စည်းကမ်းတကျ လမ်းဖြတ်ကူးသူများကိုလည်း ကူညီပါ" ဟူ၍ ဆိုပါရစေ. . .။ ။

(၆၄) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကလေးပြိုင်ပွဲ၊ သားကောင်းမိခင်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဒီဇင်ဘာ ၃၀ ရက်က သဃ်္ဃန်းကျွန်းမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ဖြူဝင်း ပထမဆုရ ကလေးငယ်တစ်ဦးအား ဆုချီးမြှင့်စဉ်။ (စမ်းစမ်းကြည်)

ကျေးရွာစာကြည့်တိုက်ဆောက်လုပ်ရန် တာချီလိတ်မြို့၌ အလှူငွေပေးအပ်

တာချီလိတ် ဇန်နဝါရီ ၁၉

ရှမ်းပြည်နယ် တာချီလိတ်မြို့ မိုင်းဟဲကျေးရွာအုပ်စု ကျောက်လိုဏ်ဂူကျေးရွာ မိုးဆမ်းပန်း စာကြည့်တိုက်ဆောက်လုပ်ရန် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၃၁ ရက် နံနက် ၁၀ နာရီက အဆိုပါကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် တာချီလိတ်မြို့ တောင်တန်းသာသနာပြုကျောင်း(ဗဟို)မှ လက်ထောက်ဆရာတော်က အလှူငွေကျပ် ၇၅၀၀၀၊ ကျောက်လိုဏ်ဂူဆရာတော်က ငွေကျပ် ၇၅၀၀၀၊ ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ငွေကျပ် ၁၇၅၀၀၀၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသက်လွင်က Sky Net ရုပ်သံဖမ်းစက်တစ်စုံနှင့် ဘုန်းတော်ကြီးသင် စာသင်ကျောင်းအတွက် စာရေးခုံ ၁၀ စုံ ပေးအပ်လှူဒါန်းရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးလော်ဖာက လက်ခံယူသည်။ ယင်းနောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထူးက ရေဒီယိုတစ်လုံးနှင့် သုတရသစာအုပ် ၅၀၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးလော်ဖာက ဘိလပ်မြေ ၁၀ အိတ်၊ ဦးအိုက်လံလော-ဒေါ်အီနွန်း မိသားစုက ပေ ၄၀ × ပေ ၃၀ ရှိ စာကြည့်တိုက်မြေနေရာ၊ ဦးအိုက်ရဲက ငွေကျပ် ၆၂၅၀၀၀ တန်ဖိုးရှိ သစ်ဆိုက်စုံ၊ ဦးဝင်းကြည် ကံလုံ့ကုမ္ပဏီက ဘိလပ်မြေ အိတ် ၂၀ နှင့် ဦးကျခေးက ငွေကျပ် ၇၅၀၀၀ ပေးအပ်လှူဒါန်းခဲ့ကြကြောင်းသိရှိရသည်။ (ခရိုင် ပြန်/ဆက်)

ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဦးအောင်သောင်း ခေါင်းဆောင်သောအဖွဲ့နှင့် KIO ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဦးဆွမ်လွတ်ဂမ် ခေါင်းဆောင်သော ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့တို့ တွေ့ဆုံဆွေးနွေးပြီး နှစ်ဦးနှစ်ဖက် ကြေညာချက်ထုတ်ပြန်

နေပြည်တော် ဇန်နဝါရီ ၁၉

ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေး အဖွဲ့ခေါင်းဆောင် ဦးအောင်သောင်း ခေါင်းဆောင်သော အဖွဲ့ဝင်များသည် KIO ကိုယ်စားလှယ်အဖွဲ့နှင့် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးရန်အတွက် ဇန်နဝါရီ ၁၈ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရွှေလီမြို့သို့ ရောက်ရှိကြသည်။

ထို့နောက် ဇန်နဝါရီ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရွှေလီမြို့ ကျင်းချိန်ဟိုတယ်၌ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေး အဖွဲ့ခေါင်းဆောင် ဦးအောင်သောင်း၊ ဒုတိယအဖွဲ့ခေါင်းဆောင် ဦးသိန်းဇော်၊ အဖွဲ့ဝင်များအဖြစ် ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း၊ *စာမျက်နှာ ၆ ကော်လံ ၅* ❍

ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဦးအောင်သောင်း ခေါင်းဆောင်သောအဖွဲ့နှင့် KIO ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဦးဆွမ်လွတ်ဂမ် ခေါင်းဆောင်သော ငြိမ်းချမ်းရေးဆွေးနွေးရေး အဖွဲ့တို့ ရွှေလီမြို့ ကျင်းချိန်ဟိုတယ်၌ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း နိုင်ငံတကာအားကစားသတင်း

➤ မောင်မောင်မြင့်ဆွေ - ရေးသားသည် ➤

စပိန် ကိုပါဖလား ကွာတားဖိုင်နယ် ပထမအကျော့၌ ဘာစီလိုနာတို့ နိုင်ပွဲရ

မက်ဒရစ် ဇန်နဝါရီ ၁၉

စပိန် ကိုပါဖလားဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ် ပထမအကျော့ ပွဲစဉ်များကို ဇန်နဝါရီ ၁၉ ရက် နံနက်က ယှဉ်ပြိုင်ကစားရာ ရီးရဲမက်ဒရစ်နှင့် ဘာစီလိုနာတို့ပွဲတွင် ဘာစီလိုနာတို့က နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။ **(အောက်ပုံ)**

အိမ်ကွင်း ဘာနေဗြူး၌ကစားရသော ရီးရဲမက်ဒရစ်တို့ ပွဲအစ ၁၁ မိနစ်မှာပင် စီရိုနယ်ဒိုက အဖွင့်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ဧည့်သည် ဘာစီလိုနာတို့ ချေပဂိုးရရှိရေးကြိုးစားသော်လည်း ပထမပိုင်း ပွဲချိန်ပြည့်သည်အထိ ဂိုးမသွင်းနိုင်ခဲ့သဖြင့် ပထမပိုင်းပွဲချိန်အပြီး ရီးရဲမက်ဒရစ်တို့ တစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။ သို့သော် ဒုတိယပိုင်းပွဲအစ ပွဲချိန် ၄၉ မိနစ်မှာပင် ဘာစီလိုနာအတွက် ပူယိုးလ်က ချေပဂိုးသွင်းယူပေးခဲ့သည်။ ယင်းချေပဂိုးရရှိပြီးနောက် ဘာစီလိုနာတို့ ဦးဆောင်ဂိုးသွင်းယူနိုင်ရေးကြိုးစားခဲ့ရာ ပွဲချိန် ၇၇ မိနစ်၌ အဘီဒယ်က ဂိုးသွင်းယူခဲ့သဖြင့် ဘာစီလိုနာတို့ နှစ်ဂိုးရရှိခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၅ ကော်လံ ၁ ●

မြန်မာ့အလင်း လူမှုစီးပွားသတင်းပဒေသာ

ခင်ရတနာ ရေးသားသည်

ကမ္ဘာလှည့်ခရီးသွားများ ရွှေထွက်ရာဒေသသို့ သွားရောက်လေ့လာလိုကြ

ဘားအံ ဇန်နဝါရီ ၁၉

ကရင်ပြည်နယ်တွင် ပြည်တွင်းကုမ္ပဏီများမှ မျှောရွှေရယူခြင်းလုပ်ငန်း အဓိကလုပ်ကိုင်လျက်ရှိသည့် မဲဝိုင်ရွှေထွက်ရာဒေသသို့ ကမ္ဘာလှည့်ခရီးသွားများ သွားရောက်လေ့လာရန် စိတ်ဝင်စားလျက်ရှိကြောင်း ရန်ကုန်အခြေစိုက် ခရီးသွားလုပ်ငန်းတစ်ခုက ပြောကြားသည်။

“ရွှေတူးနေကြတာကို လေ့လာလိုတဲ့ ကမ္ဘာလှည့်တွေက မဲဝိုင်ကို လိုက်ပို့ခိုင်းကြတယ်။ အများစုကတော့ ရွှေမျှောနေကြတဲ့ မြန်မာလုပ်သားတွေရဲ့ဘဝကို လေ့လာချင်ကြလို့ပါ။ အခုနောက်ပိုင်း ရွှေကြောကြီးနာမည်ကြီးလာတာနဲ့ နိုင်ငံခြားသားတွေ စိတ်ဝင်စားလာကြတာဖြစ်တယ်”ဟု လိုင်စင်ရ ဧည့်လမ်းညွှန် ဦးခင်ဇော်က မြန်မာ့အလင်းသို့ ပြောကြားသည်။

*အဆိုပါ မဲဝိုင်ရွှေတွင်း***(အပေါ်ယာပုံ)***ကို လက်ရှိတွင် ပြည်တွင်းပုဂ္ဂလိကကုမ္ပဏီပေါင်း ၁၀ ခုတို့မှ မျှောတိုက်ရယူခြင်းဖြင့် ရွှေတူးဖော်လျက်ရှိကာ အဆိုပါ ရွှေကြောကြီးကို ရှေးကုန်းဘောင်မင်းဆက်များ လက်ထက်ကတည်းက စတင်တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း၊ ဘူမိဗေဒပညာရှင်*

များ၏ လေ့လာတွေ့ရှိချက်များအရ နှစ်ပေါင်းများစွာ တူးဖော်ထုတ်လုပ်နိုင်သည့် ရွှေကြောကြီးဖြစ်သည့်အပြင် အရှည်မှာ ရွှေကျင်မှ ဘီးလင်း၊ သထုံ စသည့် မွန်ပြည်နယ်မှတစ်ဆင့် ကရင်ပြည်နယ်ကို ဖြတ်သန်းကာ ပင်လယ်ရေအောက်မှနေပြီး မလေးရှား၊ အင်ဒိုနီးရှားတို့အထိပါ ရှည်လျားသည့် ရွှေကြောကြီးဖြစ်ကြောင်း သိရသည်။

ဖုန်းစာရွက်စာတမ်းအတုများ ပေါင်နှံခြင်း များပြားလာ

ရန်ကုန် ဇန်နဝါရီ ၁၉

ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်အချို့၌ ဖုန်းစာရွက်စာတမ်းများ လိမ်လည်၍ ပေါင်နှံခြင်းများ ပြုလုပ်လာကြကြောင်း ရွှေဂုံတိုင်ရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူကပြောကြားသည်။

“မြန်မာ့ဆက်သွယ်ရေးကနေ တရားဝင်ငှားရမ်းထားတဲ့ ဖုန်းစာရွက်စာတမ်းတွေရဲ့ စည်းကမ်းချက်ထဲမှာကိုက ထပ်မံပြီး ငှားရမ်းခြင်း၊ ပေါင်နှံခြင်းလုပ်လို့မရတာ ထည့်သွင်းထားပြီးသားပါ။ အခုနောက်ပိုင်းမှာ မိုဘိုင်းလ်ဖုန်းတွေကို အများအပြား ချထားပေးခဲ့တဲ့အတွက် ပိုက်ဆံလိုတဲ့အခါ နီးစပ်ရာ အပေါင်ခံတဲ့လူတွေဆီမှာ ပေါင်ကြတယ်။ အချို့ကတော့ ရိုးရိုးသားသားငွေလိုလို့ ပေါင်ကြပေမယ့် အခုနောက်ပိုင်းမှာ စာရွက်စာတမ်းအတုတွေနဲ့ ပေါင်ကြတာမျိုးတွေ အတော်လေးများလာတယ်။ ဆက်သွယ်ရေးကို လာရောက်စုံစမ်းပြီး လိုင်းစစ်လိုက်တော့မှ အတုမှန်းသိကြတယ်”ဟု အဆိုပါတာဝန်ရှိသူက ရှင်းပြသည်။ ပေါင်နှံကြသူများသည် ဆက်သွယ်ရေးလုပ်ငန်းမှ ငှားရမ်းလိုက်သည့် ဖုန်းစာချုပ်၊ ငွေသွင်းချလန်နှင့် အခြားလိုအပ်သည့် မူလရောင်းချသူ၏ ကိုယ်စားလှယ်လွှဲစာ စသည့် စာရွက်စာတမ်းများအားလုံးကို အတုပြုလုပ်ကာ အချို့သော အပေါင်ခံထားလိုသူများထံတွင် ငွေကျပ်နှစ်သိန်းမှ နှစ်သိန်းခွဲအထိ ချေးယူကြခြင်းဖြစ်သည်။ *စာမျက်နှာ ၇ ကော်လံ ၅* ✻